ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်၊ သောကြာနေ့၊ (13-8-2010)(၆၄၈၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ဝတ္တကမြေအတွင်းရှိ ဆင်ဖြူတော်ရတနာအား လာရောက်ကြည့်ရှုသူများဖြင့် စည်ကားများပြားလျက်ရှိ

ဆင်ဖြူတော်ရတနာ ဘဒ္ဒဝတီအား လာရောက်ကြည့်ရှုလေ့လာ

နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ဝတ္တကမြေအတွင်းရှိ ဆင်ဖြူတော်ရတနာ ဘဒ္ဒဝတီအား အနယ်နယ်အရပ်ရပ်မှ ပြည်သူများ လာရောက်ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁၂

မြန်မာ့သမိုင်း၏ ရှေးအကျဆုံးကာလများကပင် ဆင်ဖြူတော်ရတနာတို့သည် ဘုန်းကျက်သရေတိုးစေသည်ဟု လည်းကောင်း၊ မင်္ဂလာရှိသော အထိမ်းအမှတ်ဟု လည်းကောင်း၊ ငြိမ်းချမ်းရေး၊ ကြွယ်ဝချမ်းသာရေး၊ ကောက်ပဲသီးနှံ ဖြစ်ထွန်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို သယ်ဆောင်လာသော သဘာဝသံတမန်များအဖြစ် လည်းကောင်း၊ ယင်းတို့ကို ပိုင်ဆိုင်သော နိုင်ငံများသည် ဘေးအန္တရာယ်ကင်းရှင်းပြီး တိုင်းသူပြည်သားတို့အပေါ် ကောင်းကျိုးချမ်းသာရောက်စေသည်ဟူ၍ လည်းကောင်း အစဉ်အလာယုံကြည်ကြရာ ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာထွန်းကားသော နိုင်ငံတိုင်းကပင် ဆင်ဖြူတော်အား အမြတ်တနိုး မွေးမြူထိန်းသိမ်း ပိုင်ဆိုင်လိုကြသည်ချည်းသာ ဖြစ်ကြသည်။

ကြည့်ရှုလေ့လာလျက်ရှိ

ထိုသို့ ယုံကြည်ကြသည့်အလျောက် နေပြည်တော်သို့ အခြံအရံများနှင့်တကွ တခမ်းတနား ရောက်ရှိခဲ့သော ဆင်ဖြူတော်ရတနာ "ဘဒ္ဒဝတီ" ထံသို့ ဆင်ဖြူတော် စတင်ရောက်ရှိသည့် ဩဂုတ် ၉ ရက်မှစ၍ နေပြည်တော်ဒေသခံများသာမက နိုင်ငံတစ်ဝန်းလုံးမှ ဘုရားဖူးလာပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာလျက်ရှိကြရာ ဥပ္ပါတသန္တိစေတီတော် ဝတ္တကမြေအတွင်း လာရောက်ကြည့်ရှုလေ့လာသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း၊ အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်တော့မည့် နိမိတ်အဖြစ် ပြောဆိုဆွေးနွေးလျက်ရှိကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်တိုးချဲ့စိုက်ပျိုး တစ်ဦးချင်းနှင့် နိုင်ငံဝင်ငွေတိုး

သီးကင်းစ သရက်သီးများကို အပင်၌ပင် ဤသို့ အိတ်စွပ်ခြင်းဖြင့် အရောင်အသွေးနှင့် အရည်အသွေးကောင်း သရက်သီးများကို ရရှိနိုင်သည်။

နိုင်ငံတော်က စိုက်ပျိုးရေးအခြေခံအဆောက်အအုံများဖြစ်သော ဆည်၊ တာတမံ၊ မြစ်ရေတင်၊ လမ်း၊ တံတားများအား ရှေးကနှင့်မတူ ထူးခြားစွာတိုးတက်အောင် ဆောင်ရွက်ပေးနေသည်ကို မျက်မြင်တွေ့မြင်နေရသည်သာမက စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ၊ ကုန်သည်လုပ်ငန်းရှင်များအားလုံး လက်တွေ့အကျိုးစီးပွား တစ်နှစ်ထက်တစ်နှစ် တိုးတက်ဖြစ်ထွန်းလာသည်ကို အောက်ပါလယ်ယာထွက်ကုန်ကဏ္ဍမှ ပြည်ပတင်ပို့မှုတန်ဖိုးပမာဏစာရင်းဇယားများအရ လေ့လာတွေ့ရှိရပါသည်-

ဒေါ်လာသန်း

၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်	လယ်ယာထွက်ကုန်ပြည်ပတင်ပို့မှုတန်ဖိုး	၁၂၂၁ ဒသမ ၂၂
၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်	လယ်ယာထွက်ကုန်ပြည်ပတင်ပို့မှုတန်ဖိုး	၁၄၀၃ ဒသမ ၁၇
၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်	လယ်ယာထွက်ကုန်ပြည်ပတင်ပို့မှုတန်ဖိုး	၁၆၅၇ ဒသမ ၅၈

နိုင်ငံတော်အကြီးအကဲက လယ်ယာထွက်ကုန်သီးနှံ တစ်မယ်ချင်း စိုက်ပျိုးထုတ်လုပ်မှု ပန်းတိုင်အထွက်နှုန်းများအထိ တိုးတက်ထုတ်လုပ်ရေး စဉ်ဆက်မပြတ်လမ်းညွှန်လျက်ရှိပါသည်။ ထို့အပြင် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်များပါ တိုးချဲ့စိုက်ပျိုးပြီး ပြည်တွင်းစားသုံးနိုင်ရေးသာမက ပြည်ပတင်ပို့နိုင်ရေး၊ အမယ်သစ်များ တိုးချဲ့တင်ပို့နိုင်ရေး လမ်းညွှန်ခဲ့ပါသည်။

သို့ဖြစ်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံသစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❍

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ - အောင်မောင်း(တောင်ကြီး)

အဆင်အပြင် - ကိုမင်း

ကြေးမုံ The Mirror
၁၃-၈-၂၀၁၀
(သောကြာနေ့)

သန့်ရှင်းသောသောက်သုံးရေဖူလုံရေး တိုးမြှင့်ဖြည့်ဆည်း

ရေသည် သက်ရှိသတ္တဝါများ အသက်ရှင်ရပ်တည်ရေးအတွက် မရှိမဖြစ် လိုအပ်ချက်ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကအရေးပါသည်။ ယခုအခါ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းစဉ်များ ချမှတ်ဖော်ဆောင်လျက်ရှိရာ သန့်ရှင်းသော သောက်သုံးရေရရှိရေးသည် အဓိကလုပ်ငန်းစဉ်တစ်ရပ်အဖြစ် ပါဝင်နေသည်။

မြန်မာနိုင်ငံ အပူပိုင်းဒေသများတွင် ယခင်က သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာ မရရှိကြပေ။ ဒေသခံပြည်သူများအနေဖြင့် ရေရှားပါးမှုကြောင့် ဝမ်းရောဂါ၊ မျက်ခမ်းစပ်ရောဂါနှင့် အရေပြားရောဂါစသည်တို့ ဖြစ်ပွားခဲ့ကြရသည်။ နိုင်ငံတော်အစိုးရက အဆိုပါ ဒေသများရှိ ကျေးရွာများအားလုံး သန့်ရှင်းသောသောက်သုံးရေရရှိရေးကို (၁၀) နှစ် စီမံကိန်း ချမှတ်၍ ၂၀၀၀-၂၀၀၁ ခုနှစ်မှ စတင်အကောင်အထည်ဖော်လျက်ရှိသည်။

အထူးသဖြင့် စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့ရှိ ကျေးရွာများအားလုံး သန့်ရှင်းသောသောက်သုံးရေ ရရှိရေးကြိုးပမ်းခဲ့ကြသည်။ အဆိုပါဒေသများမှ ရေခက်ခဲသောကျေးရွာ၊ ရေမလုံလောက်သော ကျေးရွာ၊ သန့်ရှင်းသော သောက်သုံးရေမရရှိသော ကျေးရွာများ ရေရရှိရေးနှင့် အခြားသော ပြည်နယ်နှင့်တိုင်းများမှ ရေလိုအပ်သော ကျေးရွာများအတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်၏ ထောက်ပံ့ငွေ၊ စည်ပင်သာယာရေးအဖွဲ့များ၏ ရန်ပုံငွေအပြင် စေတနာရှင်ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံတကာလူမှုရေး အသင်းအဖွဲ့များကလည်း ပါဝင်လှူဒါန်းလျက်ရှိသည်။ ယခုအခါ အပူပိုင်းဒေသ တိုင်းသုံးတိုင်းမှ ကျေးရွာ ၈၀၄၂ ရွာနှင့် အခြားပြည်နယ်နှင့်တိုင်းများမှ ကျေးရွာပေါင်း ၁၅၁၈၃ ရွာတို့တွင် သန့်ရှင်းသောသောက်သုံးရေ ရရှိနေကြပေပြီ။

ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းလျက်ရှိရာ စစ်ကိုင်းတိုင်း၌ ၃၄ မြို့နယ်၊ မကွေးတိုင်း၌ ၂၅ မြို့နယ်၊ မန္တလေးတိုင်း၌ ၂၃မြို့နယ်တို့တွင် မြို့နယ်လုံးကျွတ်ကျေးရွာများအားလုံး သန့်ရှင်းသောသောက်သုံးရေ ရရှိနေကြပြီဖြစ်သည်။ အလားတူ ၁၉ ခရိုင်တွင် ခရိုင်လုံးကျွတ် ကျေးရွာတစ်ရွာလျှင် စက်ရေတွင်း တစ်တွင်းနှုန်း တူးဖော်ပေးနိုင်ခဲ့ပြီဖြစ်သည်။

ပြည်သူအများ သန့်ရှင်းသော သောက်သုံးရေရရှိသုံးစွဲနိုင်စေရေး ဖြည့်ဆည်းပေးခြင်းသည် မွန်မြတ်သော အလှူဒါနပြုနေခြင်းဖြစ်သည်။ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး အလှူငွေပေးအပ်ပွဲများကို ကျင်းပလာခဲ့သည်မှာ (၁၈)ကြိမ်မြောက်ရှိလာပြီဖြစ်သည်။ နိုင်ငံတော်အစိုးရနှင့်အတူ အလှူရှင်ပြည်သူများက ထက်သန်သော သဒ္ဓါတရား၊ အမွန်အမြတ်စေတနာထား၍ လှိုက်လှိုက်လှဲလှဲ ပါဝင်လှူဒါန်းလျက်ရှိကြရာ ရေရှားပါးသော ဒေသများမှ ပြည်သူများအားလုံး သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိသုံးစွဲလာနိုင်နေကြပြီ ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဦးခင်မောင်မြင့် လျှပ်စစ်ကျွမ်းကျင် ဝန်ထမ်းများ အခြေခံလုပ်ငန်းကျွမ်းကျင်မှုသင်တန်း (၁/၂၀၁၀)ဖွင့်ပွဲအခမ်းအနားတက်ရောက်

နေပြည်တော် ဩဂုတ် ၁၂

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဩဂုတ် ၁၀ ရက် နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးရုံးသင်တန်းခန်းမ၌ ကျင်းပသော မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း လျှပ်စစ်ကျွမ်းကျင် ဝန်ထမ်းများ အခြေခံလုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁/၂၀၁၀) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူ အမှုထမ်း ၆၀တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ကွန်ပျူတာသင်တန်း အမှတ်စဉ်(၃) ဆင်းပွဲတွင် သင်တန်းအောင်လက်မှတ်များကို သင်တန်းသူတစ်ဦးအား ပေးအပ်စဉ်။ (လယ်/ဆည်)

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ကွန်ပျူတာသင်တန်းဆင်း

နေပြည်တော် ဩဂုတ် ၁၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ကွန်ပျူတာသင်တန်း အမှတ်စဉ်(၃)ဆင်းပွဲကို ယမန်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး စုဝေးခန်းမဆောင်၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများအား သင်တန်းအောင်လက်မှတ်များကို ပေးအပ်သည်။

အဆိုပါသင်တန်းကို ဇွန် ၁ရက်မှ ဩဂုတ် ၆ရက်ထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၅၅ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တက္ကသိုလ်၊ ဒီဂရီကောလိပ်များ ဘော်လီဘောပြိုင်ပွဲ (မော်လမြိုင်ဇုန်) ပိုလ်လုပွဲနှင့်ဆုပေးပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၂

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)တက္ကသိုလ်၊ ဒီဂရီကောလိပ်များ ဘော်လီဘောပြိုင်ပွဲ (မော်လမြိုင်ဇုန်)၏ နောက်ဆုံးနေ့ပွဲစဉ်များကို ဩဂုတ်၇ရက် နံနက်ပိုင်းမှ စ၍ မော်လမြိုင်တက္ကသိုလ် အားကစားရုံ၌ ကျင်းပရာ တတိယနေရာလုပွဲတွင် မြိတ်တက္ကသိုလ်အသင်းက ထားဝယ်တက္ကသိုလ်အသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ ဗိုလ်လုပွဲတွင် မော်လမြိုင်တက္ကသိုလ်အသင်းက ဘားအံတက္ကသိုလ်အသင်းကို သုံးပွဲ-နှစ်ပွဲဖြင့် လည်းကောင်း အနိုင်ရရှိကြသည်။

ယင်းနောက် ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ မော်လမြိုင်တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဒွေးအောင်က ပထမရရှိသော မော်လမြိုင်တက္ကသိုလ်အသင်းအား တံခွန်စိုက်ဆု ပေးအပ်ချီးမြှင့်ပြီး ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများက တစ်ဦးချင်းဆုများ၊ နေရာအလိုက် အကောင်းဆုံးဆုများနှင့် ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံး အားကစားဆုတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

DUMEX ဖြည့်စွက်အာဟာရနို့မှုန့် တိုက်ကျွေးသည့် အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၁၂

Mo Asia Co., Ltd. က ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအဖြစ် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မူလတန်း ကျောင်းသား၊ ကျောင်းသူများအား DUMEX ဖြည့်စွက်အာဟာရ နို့မှုန့် တိုက်ကျွေးသည့် အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ Mo Asia Co., Ltd. မှ တာဝန်ရှိသူတို့က ကျောင်းသား၊ကျောင်းသူများအား အာဟာရဆိုင်ရာ သိမှတ်စရာများကို ပြောကြားကြပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ DUMEX ဖြည့်စွက် အာဟာရနို့မှုန့် Dugro-3 Plus နှင့် Full Cream တို့ကို ကျောင်းသား၊ ကျောင်းသူများအား တိုက်ကျွေးသည်။ **(အပေါ်ပုံ)**

DUMEX - Dugro-3 Plus သည် ကျောင်းနေစအရွယ် ကလေးငယ်များအတွက် ပြီးပြည့်စုံသော ဖြည့်စွက်အာဟာရ နို့မှုန့်ဖြစ်ခြင်းကြောင့် ကိုယ်ခံစွမ်းအားမြင့်မား၍ ဉာဏ်ရည်ထက်မြက်မှုကို အားပေးသည်။

Full Cream နို့မှုန့်သည် ကလေးနှင့် လူကြီးများအတွက် အရိုးကို သန်မာ၍ ခန္ဓာကိုယ်အတွက် ပြည့်ဝသော အာဟာရကို ပေးစွမ်းနိုင်သည်။

Mo Asia Co., Ltd. သည် ဩဂုတ် ၁၂ရက်တွင်လည်း ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ မူလတန်း ကျောင်းသား၊ ကျောင်းသူများအား DUMEX ဖြည့်စွက်အာဟာရ နို့မှုန့်များတိုက်ကျွေးပြီး အမှတ်တရလက်ဆောင်များ ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ DUMEX ဖြည့်စွက်အာဟာရ နို့မှုန့်ကို အမြို့မြို့အနယ်နယ်ရှိ အရောင်းပြခန်းများတွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အကောက်ခွန်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်သူများအသင်း သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၂

မြန်မာနိုင်ငံအကောက်ခွန်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်သူများအသင်း၊ ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီက ကြီးမှူး၍ ဖွင့်လှစ်သော "Enhancing Capacity & Efficiency in Customs Agent's Skills Development"သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၇ ရက် နံနက်က ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းဆုံ ယုဇနတာဝါရှိ WISE International School for Executives သင်တန်းကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံ အကောက်ခွန်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်သူများအသင်း ဥက္ကဋ္ဌ ဦးမျိုးသန့်က အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ အကောက်ခွန်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်သူများအသင်း၏ ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးညီညီအောင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ပြောကြားကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ကြေးမုံ)

ဇီဝမျိုးစုံ
မျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အလယ်အလတ်အဆင့် အရာထမ်း စီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ် (၅) ၌ အတူတကွ တက်ရောက်ခဲ့ကြသည့် ဝန်ကြီးဌာန အသီးသီးမှ ညီနောင်များ၏ သင်တန်းဆင်းတစ်နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ဩဂုတ် ၇ရက်က ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ် သုံးသိန်းကို ပေးအပ်လှူဒါန်းကြရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဘဉာဏ် လက်ခံစဉ်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင်နှင့် မုံရွာခရိုင်တို့၌ မိုးစပါးစိုက်ပျိုးပြီးစီးမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၉ ရက်တွင် ရွှေဘိုမြို့နယ် ရွှေဘိုဒီဂရီကောလိပ်၌ ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ သတ်မှတ်နေရာ၌ အထိမ်းအမှတ်သစ်ပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် တိုင်းမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သစ်ပင်များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် တိုင်းမှူးတို့က ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ သစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးကြပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ရွှေဘိုစက်မှုဇုန်ရှိ သန်းတင့်ပလတ်စတစ်ထုတ်လုပ်ရေးစက်ရုံ၊ ဂျူပီနိုင်း RO သောက်ရေသန့် ထုတ်လုပ်ရေးစက်ရုံနှင့် ရွှေသီဟဆန်စက်များသို့ သွားရောက်ပြီး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်မှုနှင့် စက်မှုဇုန်အတွင်းရှိလမ်းများ ကောင်းမွန်မှုအခြေအနေတို့ကိုမော်တော်ယာဉ်ဖြင့်လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ရွှေဘိုနယ်မြေခံတပ်ရင်းခန်းမ၌ နယ်မြေခံတပ်ရင်းမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုဝင်များအားတွေ့ဆုံ၍ မိသားစုဝင်များအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ ရွှေဘိုမြို့ မဟာနန္ဒာကန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရွှေဘိုမြို့ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ ရွှေဘို-ချီပါ-ဆိပ်ခွန်-ရေကြည်ဝကျေးရွာ လမ်းပိုင်းအခြေအနေနှင့် လမ်းဘေး ဝဲ၊ယာတစ်လျှောက် မိုးစပါးစိုက်ပျိုးထားရှိမှုတို့ကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးကာ ချီပါကျေးရွာသို့ ရောက်ရှိပြီး စက်မှုလယ်ယာဦးစီးဌာနမှ တိုင်းဦးစီးဌာနမှူးက စပါးစေ့အား ပျိုးဗန်းများဖြင့် အဆင့်ဆင့်ပျိုးထောင်ပြီး လယ်ယာသုံးကောက်စိုက်စက်ဖြင့် စိုက်ပျိုးနိုင်မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ချီပါကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံတောင်သူများအား တွေ့ဆုံ၍ လိုအပ်ချက်များကိုမေးမြန်းကာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ရွှေဘိုမြို့နယ် ရေကြည်ဝကျေးရွာအနီးရှိ မူးမြစ်ကူးတံတား (ရန်ကြီးအောင်) တည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိပြီး တိုင်းအင်ဂျင်နီယာမှူးကြီး၏ တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုအပေါ် လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ယင်းနောက် ရေကြည်ဝကျေးရွာမှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ တံတားတည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မူးကမ်းကြီးကျေးရွာမှ ဒီပဲယင်းမြို့သို့ ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက် လမ်းပိုင်းအခြေအနေနှင့် မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေတို့ကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မုံရွာ-ဒီပဲယင်း-ရေဦး လမ်းပိုင်းအခြေအနေကို မော်တော်ယာဉ်ဖြင့် ဆက်လက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဒီပဲယင်းမြို့နယ် ငပယင်းကျေးရွာသို့ ရောက်ရှိကာ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်၊စာစောင်များကိုပေးအပ်လှူဒါန်းကာ စာကြည့်တိုက်အတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဒေသခံပြည်သူနှင့် လူငယ်များ စာအုပ်၊ စာစောင်များ ဖတ်ရှုနေမှုကို ကြည့်ရှုအားပေးသည်။

ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဩဂုတ် ၁၀ ရက်တွင် စစ်ကိုင်းတိုင်း မုံရွာခရိုင် မုံရွာမြို့နယ် မြို့တော်ခန်းမ၌ ကျင်းပသည့် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် စစ်ကိုင်းတိုင်းမှ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့တက်ရောက်၍ အမှာစကားပြောကြားပြီး ခြောက်ဘာသာဂုဏ်ထူးရရှိကြသည့် ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် တာဝန်ရှိသူများ၊ ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ဆရာမများ၊ ထူးချွန်ဆုရကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက အမှာစကားပြောကြားပြီး တိုင်းမှူးက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်း ပညာရေးမှူးက စစ်ကိုင်းတိုင်း၏ ပညာရေးဆောင်ရွက်မှု အခြေအနေများနှင့် ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးက ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် စစ်ကိုင်းတိုင်းမှ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ခြောက်ဘာသာဂုဏ်ထူးရှင် ထူးချွန်ကျောင်းသားများအားလည်းကောင်း၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုရရှိသူအသီးသီးအား လည်းကောင်း ဆုများကိုပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မုံရွာမြို့ စက်မှုဇုန်ရှိ သီဟထွန်းသံရည်ကျိုနှင့် စက်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ၊ ငြိမ်းချမ်းရေး ပဲခွဲစက်နှင့်စက်ရုံ၊ အောင်တံခွန် ဂျုံမှုန့်ကြိတ်စက်၊ ကောင်းမြတ်ကြယ်စင်ဟိန်း မော်တော်ယာဉ် ထုတ်လုပ်ရေးစက်ရုံတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ မုံရွာ-ဗောဓိတစ်ထောင် လမ်းပိုင်းအခြေအနေနှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှု အခြေအနေတို့ကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးပြီး ဗောဓိတစ်ထောင်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး သစ်ပင်များစိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက ဗောဓိတစ်ထောင်ပတ်ဝန်းကျင်၌ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးကလိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ ဗောဓိတစ်ထောင် ရေလှောင်တမံ ရေဝင်ရောက်ရှိမှုနှင့် ဘုရားကြီးအရှေ့ဘက်ဝန်းကျင် စိမ်းလန်းစိုပြည်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး မုံရွာတပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားပြီး မိသားစုဝင်များအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း နေပြည်တော် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ပညာရေး)

နေပြည်တော်၌ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများ ဝန်ကြီး ဒေါက်တာချမ်းငြိမ်း လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၂

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ယနေ့ နံနက် ၇ နာရီခွဲတွင် နေပြည်တော်ပျဉ်းမနား အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများဖြစ်သည့် ကျောင်းသား၊ ကျောင်းသူများအား အာဟာရကျွေးမွေးနေမှု၊ ကျန်းမာရေးစစ်ဆေးကုသမှု၊ ကျောင်းကျန်းမာရေး ပညာပေး နံရံကပ်စာစောင် ခင်းကျင်းပြသထားမှု၊ အရပ်တိုင်းခြင်း၊ ပေါင်ချိန်ခြင်းဆောင်ရွက်နေမှု၊ သန့်လေးသန့်အကြောင်း ဟောပြောခြင်းနှင့် သရုပ်ပြသီဆိုမှုများကို လှည့်လည်ကြည့်ရှုအားပေးရာ ကျောင်းကျန်းမာရေးတာဝန်ခံ ဆရာဝန်များက ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို ဆွေးနွေးမှာကြား ဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် နေပြည်တော် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းကျန်းမာရေး ပညာပေးပြခန်းများကို လှည့်လည်ကြည့်ရှုကာ ကျောင်းသား၊ ကျောင်းသူများအား သန်ချဆေး တိုက်ကျွေးသည်။

ဆွေးနွေးမှာကြား

ဆက်လက်၍ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ် လုပ်ငန်းစဉ်(၅)ရပ်ဖြစ်သော ကျောင်းနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးနှင့် စစ်ဆေးကုသရေးလုပ်ငန်း၊ ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေး ပညာပေးလုပ်ငန်းနှင့် ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် နေပြည်တော် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းကျန်းမာရေးသီတင်းပတ် လုပ်ငန်းစဉ်(၅)ရပ် လှုပ်ရှား ဆောင်ရွက်မှုလုပ်ငန်းများနှင့် ကျောင်းကျန်းမာရေးသီတင်းပတ် ပညာပေးပြခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဆွေးနွေးမှာကြား ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး မုံရွာမြို့ စက်မှုဇုန်ရှိ သီဟထွန်း သံရည်ကျိုနှင့် စက်ပစ္စည်း ထုတ်လုပ်ရေးစက်ရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃-၈-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၅ ၆။ အတီးပြိုင်ပွဲ
၈း၂၀ ၇။ "မီးမီးရဲ့ဆုံးဖြတ်ချက်"
၈း၃၀ ၈။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈း၄၀ ၉။ International News
၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၂၀ ၃။ အကပြိုင်ပွဲ
၄း၃၀ ၄။ နှောင်းခေတ်တေးပဒေသာ
၄း၃၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(စိတ်ပညာအထူးပြု) (စိတ်ပညာ)
၄း၅၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၅ ၇။ တေးဂီတအစီအစဉ်
၅း၁၀ ၈။ မြန်မာစာ၊ မြန်မာစကား
၅း၂၀ ၉။ "ကဏ္ဍစုံလင်အားကစားအစီအစဉ်"
၅း၃၅ ၁၀။ "ရိုးသားဖြူစင်ကလေးတို့အသွင်"
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၃။ ရသစုံလင်အင်တာနက်ဥယျာဉ်
၆း၅၀ ၁၄။ "အလှသတင်းမွှေးတဲ့မြန်မာ့အင်းလေး"
၇း၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ "ဆူးလွှမ်းသောချစ်နှင်းဆီ" (ဒုတိယတွဲ) (အပိုင်း-၂၅)
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ အောင်မြင်ပါစေမြန်မာပြည် (အယ်လ်လွန်းဝါနှင့်အဖွဲ့၊ သရုပ်ဆောင်-ကောင်းဆက်ထူးနှင့်အဖွဲ့၊ တေးရေး-ကိုင်ဇာ)
၂၀။ "လျှပ်တစ်ပြက်ဟာသများ"
၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ပထမတွဲ) (အပိုင်း-၁၂)
၂၂။ သီချင်းချစ်သူ (ဩရသ)
၂၃။ အစီအစဉ်ပြီး၏။

ဘင်္ဂလားဒေ့ရှ်တွင် ရွာသားများလက်ချက်ကြောင့် ဓားပြခြောက်ဦးသေဆုံး

ဒါကာ ဩဂုတ် ၁၂

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြောက်ပိုင်း ဆရီပါခရိုင်ရှိ ကျေးရွာတစ်ရွာကို ဓားပြတိုက်ရန် ကြံစည်ကြသော ဓားပြများအနက် ခြောက်ဦးသေဆုံး၍ အခြားခြောက်ဦး ဒဏ်ရာများရရှိသွားကြောင်း၊ ယင်းကျေးရွာသည် မြို့တော် ဒါကာမြောက်ဘက် ၃၇ ကီလိုမီတာအကွာတွင်ရှိကြောင်း၊ ဗုဒ္ဓဟူးနေ့ညက ဖြစ်ပွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါဓားပြများသည် ဘတ်စ်ကားငယ်တစ်စီးဖြင့် ရှီရှုပါလီလမ်းအနီးရှိ ချာတီယာဘာဇာကျေးရွာသို့ ည ၁၀ နာရီခန့်တွင် ထွက်ခွာသွားကြောင်း ဆရီပါခရိုင် ရဲတပ်ဖွဲ့အကြီးအကဲ နက်မူးလ်အလမ်က ဆင်ဟွာသတင်းဌာနသို့ တယ်လီဖုန်းဖြင့် ကြာသပတေးနေ့နံနက်တွင် ပြောကြားသည်။

ရွာသားများက ဓားပြအဖွဲ့ကို မသင်္ကာ၍မေးမြန်းရာ ဓားပြများက သေနတ်ဖြင့်ပစ်ခတ်သဖြင့် ရွာသားများနှင့် ဓားပြနှစ်ဦး ဒဏ်ရာရရှိသည်။

ထို့နောက် ရွာသားများက အသံကုန်အော်သောအသံကို ရွာသားအားလုံးကြား၍ ပြေးထွက်လာကြပြီး တိုက်ခိုက်ကြရာ ဓားပြခြောက်ဦးသေဆုံးသွားကြောင်း၊ ဒဏ်ရာရရှိသွားသူ ဓားပြလေးဦးကို ရဲတပ်ဖွဲ့လက်သို့ အပ်လိုက်သည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါကစ္စတန်နိုင်ငံတွင် လွန်ခဲ့သော ရက်သတ္တပတ်ကတည်းကစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးနေသော ယာသမားတစ်ဦး၏ နေအိမ်ကို ဩဂုတ် ၁၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်၌ ရေလွှမ်းမှုကြောင့် ဂျုံ၊ ဝါနှင့် သကြားများပျက်စီး

အစ္စလာမ္မာဘတ် ဩဂုတ် ၁၂

ပါကစ္စတန်နိုင်ငံတွင် ရေလွှမ်းမိုးမှုကြောင့် ဂျုံတန်ချိန် ၅၀၀၀၀၀ ခန့် ပျက်စီးသွားကြောင်း၊ယခုနှစ်တွင် နိုင်ငံအတွက် ဂျုံပိုလျှံမှု နည်းပါးသွားပြီး သကြားနှင့်ဝါ တင်ပို့ကုန်လုပ်ငန်းကို ထိခိုက်ခဲ့သည်ဟု စိုက်ပျိုးရေးဌာနမှ တာဝန်ရှိသူများက ဩဂုတ် ၁၂ ရက်တွင် ပြောကြားခဲ့သည်။

လွန်ခဲ့သော ရက်သတ္တပတ်ကာလကတည်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပါကစ္စတန်နိုင်ငံ၌ ရေလွှမ်းသွားသဖြင့် ဝါထုပ်ပေါင်း နှစ်သန်းကျော် ပျက်စီးခဲ့သည်ဟု စက်မှုဌာနမှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။ ရေလွှမ်းမှုကြောင့် ကောက်ပဲသီးနှံများပျက်စီးသဖြင့် ပါကစ္စတန်နိုင်ငံမှ သကြားထုတ်လုပ်မှုမှာ တန်ချိန် ၅၀၀၀၀၀ ခန့် လျော့ကျနိုင်သည်ဟု ယာလုပ်ငန်းရှင်များအဖွဲ့က ပြောကြားခဲ့သည်။

ပါကစ္စတန်နိုင်ငံ၏ အိန္ဒုမြစ်ဝှမ်းကို ရေတိုက်စားသွားပြီး လူပေါင်း ၁၆၀၀ ကျော်သေဆုံးကာ အိုးအိမ်စွန့်ခွာပြေးသူ နှစ်သန်းရှိသည့်အပြင် နိုင်ငံလူဦးရေ၏ ရှစ်ရာခိုင်နှုန်း သို့မဟုတ် ၁၄ သန်းခန့် အိုးမဲ့အိမ်မဲ့ဖြစ်ကြရသည်။ ရေလွှမ်းမှုကြောင့် ပျက်စီးဆုံးရှုံးသွားသောဂျုံတန်ချိန်မှာ ၆၀၀၀၀၀ကျော်ရှိမည်ဟု စားသောက်ကုန်ဝန်ကြီးဌာနမှတာဝန်ရှိသူများက ပြောကြားသည်။

ပါကစ္စတန်နိုင်ငံသည် အာရှတိုက်တွင် ဂျုံစိုက်ပျိုးထုတ်လုပ်မှု တတိယအများဆုံး နိုင်ငံဖြစ်ပြီး ၂၀၀၉ ခုနှစ်နှင့် ၂၀၁၀ခုနှစ်ကြား စိုက်ပျိုးရာသီကာလတွင် ဂျုံတန်ချိန် ၂၃ ဒသမ ၈၀ သန်းကို ရိတ်သိမ်းခဲ့သည်။ ပါကစ္စတန်နိုင်ငံ၌ နှစ်စဉ်ပြည်တွင်းစားသုံးရန်အတွက် ဂျုံတန်ချိန် ၂၃သန်းခန့် လိုအပ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

မူးယစ်ဆေးဝါးမှုဖြင့် အမေရိကန်တစ်ဦးကို ဖိလစ်ပိုင်တွင် ဖမ်းဆီး

ကိုတာဘာတို ဩဂုတ် ၁၂

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းတွင် မူးယစ်ဆေးဝါး တရားမဝင် မှောင်ခိုရောင်းဝယ်ဖြန့်ချိသူတစ်ဦးကို ဖိလစ်ပိုင်လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ ၎င်းသည် အမေရိကန်နိုင်ငံသားတစ်ဦးဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာက ကြာသပတေးနေ့တွင် ပြောကြားသည်။

မူးယစ်မှောင်ခိုဟု သံသယရှိခြင်းခံရသူ အသက် (၄၄) နှစ်ရှိ အမေရိကန်နိုင်ငံသား ဂျက်ဖရီဘင်းနစ်နှင့် ၎င်း၏ဇနီးဖြစ်သူ ဖိလစ်ပိုင်လူမျိုး ဆာရက်ချ်ကာ ဘူဂါတန်တို့ကို ဖိလစ်ပိုင်မူးယစ်ဆေးဝါးထိန်းချုပ်ရေးဌာနက ဖမ်းဆီးခဲ့သည်။ ၎င်းတို့သည် မာဂွင်ဒါနာအိုပြည်နယ် ဒါတူအိုဒင်မြို့ ဆမ်ဘာကျေးရွာရှိ ၎င်းတို့၏နေအိမ်တွင်ရှိနေစဉ် ရဲတပ်ဖွဲ့က ဗုဒ္ဓဟူးနေ့ မွန်းလွဲပိုင်းတွင် ဝင်ရောက်စီးနင်းဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

၎င်းတို့ထံမှ ၁၀ ကီလိုခန့်ရှိ မက်သာဖက်တမင်း ဟိုက်ဒရိုကလိုရိုက်များ၊ လိုင်စင်မဲ့ အမျိုးအစားစုံ သေနတ်များကို သိမ်းဆည်းရမိခဲ့သည်။

၎င်းတို့နှစ်ဦးသည် ဥပဒေအရ စစ်ဆေးမေးမြန်းမှုများကို ခံရမည်ဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူက ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဆူဒန်တောင်ပိုင်းတွင် ချောင်းမြောင်းတိုက်ခိုက်၊ ၂၃ ဦးသေဆုံး

ခါတွန် ဩဂုတ် ၁၂

ဆူဒန်တောင်ပိုင်း ယူနတီပြည်နယ်တွင် အမည်မသိ သေနတ်သမားများ၏ ချောင်းမြောင်းတိုက်ခိုက်မှုကိုခံရ၍ လူ ၂၃ ဦးသေဆုံးကြောင်း ဗုဒ္ဓဟူးနေ့တွင် ဆူဒန်တောင်ပိုင်းအစိုးရက ပြောကြားသည်။

ရေနံကြွယ်ဝသော ယူနတီပြည်နယ်မြို့တော် ဘန်တီယူအနီး ဘာဘိုဒေသတွင် အမည်မသိသေနတ်သမားတစ်စုက ကုန်တင်ကားတစ်စီးကို ချုံခို၍ ချောင်းမြောင်းပစ်ခတ်ရာ ဆူဒန်ရဲအရာရှိများအပါအဝင် ၂၃ ဦး သေဆုံးကြောင်း ဆူဒန်တောင်ပိုင်းအစိုးရ၏ ပြည်ထဲရေးဝန်ကြီးဂီယာချောင်းက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ယူနတီပြည်နယ်သည် ပဋိပက္ခဖြစ်ပွားနေသော ဆူဒန်တောင်ပိုင်းနှင့် မြောက်ပိုင်းအကြားတွင်ရှိသော ဒေသတစ်ခုဖြစ်သည်။

ချောင်းမြောင်းပစ်ခတ်သူများမှာ မည်သူမည်ဝါတို့ဖြစ်သည်ကို မသိရသေးသော်လည်း ဆူဒန်ပြည်သူ့လွတ်မြောက်ရေးလှုပ်ရှားမှုအဖွဲ့ကို ဦးဆောင်သော ဂေါ်လဝက်ဂိုင်းအမည်ရှိ တပ်မှူးဟောင်းတစ်ဦးဟု ယူဆရကြောင်း၊ ၎င်းသည် ထွက်ပြေးနေသူတစ်ဦးဖြစ်ကြောင်း ဂီယာချောင်းက ပြောကြားသည်။

ဆူဒန်တောင်ပိုင်းရှိ မျိုးနွယ်စုများနေထိုင်ရာဒေသတွင် ကျွဲနွားတိရစ္ဆာန်များ တိုက်ခိုက်ခိုးယူခြင်း၊ လုယူခံရခြင်း၊ စားကျက်မြေပိုင်ဆိုင်မှုအငြင်းပွားခြင်းတို့ကြောင့် အရပ်သားများ ထောင်ချီ၍သေဆုံးကြရသည့်အတွက် ယင်းနေရာတွင် လုံခြုံရေးတင်းကျပ်မှုများရှိနေသည်ဟု ဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း၌ သင်္ဘောနစ်မြုပ်၍ ၂၅ ဦး သေဆုံး

မွမ်ဘိုင်း ဩဂုတ် ၁၂

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း၌ ဗုဒ္ဓဟူးနေ့ ညနေပိုင်းက သင်္ဘောတစ်စင်း နစ်မြုပ်ရာ ၂၅ ဦး သေဆုံး၍ ၂၅ ဦး ပျောက်ဆုံးလျက်ရှိကြောင်း ဒေသဆိုင်ရာမှလာသော သတင်းများတွင် ဖော်ပြသည်။

ဝဲမိ၍နစ်မြုပ်

တင်နိုင်သည့် အရေအတွက်ထက် ခရီးသည်များကို ပိုမိုတင်လာသော အဆိုပါသင်္ဘောသည် အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း ဘီဟာပြည်နယ်ရှိ ကိုဆီမြစ်အတွင်း၌ ဝဲမိ၍ နစ်မြုပ်သွားခြင်းဖြစ်ကြောင်း ဒေသခံရဲတပ်ဖွဲ့၏ ပြောကြားချက်ကို ကိုးကား၍ ပီတီအိုင်သတင်းဌာနက ဖော်ပြသည်။

သင်္ဘောနစ်မြုပ်ရာနေရာသို့ကယ်ဆယ်ရေးအဖွဲ့များ လျင်မြန်စွာရောက်ရှိလာပြီး ရေငုပ်သမားများ အကူအညီဖြင့် ရှာဖွေရာ သေဆုံးသူ ၂၅ ဦး၏ အလောင်းများကို တွေ့ရှိရသည်။ သေဆုံးသူများထဲတွင် ကလေးသုံးဦး ပါဝင်သည်။

ကယ်ဆယ်ရေးအဖွဲ့များ၏ ကယ်ဆယ်ရေးလုပ်ငန်း လုပ်ဆောင်နေစဉ် မိုးသည်းထန်စွာ ရွာသွန်းနေသည့်အပြင် အမှောင်ထုကဖုံးလွှမ်းနေရာ အခက်အခဲများနှင့် ကြုံတွေ့ရကြောင်း၊ ယင်းအခက်အခဲကြောင့် သေဆုံးသူအရေအတွက် ထပ်မံတိုးလာဖွယ်ရှိကြောင်း ဒေသခံရဲတပ်ဖွဲ့က ပြောကြားသည်။

သင်္ဘောသည် ဝန်ပိုများ မတန်တဆ တင်ဆောင်လာဖွယ်ရှိကြောင်းပို၍အသေးစိတ်ကိုသိစေရန် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်ဒိုနီးရှားပုဂ္ဂလိကလုပ်ငန်း၏ ပြည်ပချေးငွေ နှစ်ဆတိုးလာ

ဂျကာတာ ဩဂုတ် ၁၂

အင်ဒိုနီးရှားနိုင်ငံ ပုဂ္ဂလိကလုပ်ငန်း၏ ပြည်ပချေးငွေပမာဏသည် ၂၀၁၀ ခုနှစ် ပထမနှစ်ဝက်အတွင်း နှစ်ဆနီးပါး တိုးလာကြောင်း ကြာသပတေးနေ့ ပြည်တွင်းသတင်းများတွင် ဖော်ပြသည်။

ယခုနှစ် ပထမခြောက်လအတွင်း ပုဂ္ဂလိကလုပ်ငန်း၏ ပြည်ပချေးငွေသည် လွန်ခဲ့သောနှစ် အလားတူကာလအတွင်း အမေရိကန်ဒေါ်လာ ၈ ဒသမ ၂ ဘီလီယံမှ ၁၅ ဒသမ ၇ ဘီလီယံအထိ ၉၂ ဒသမ ၄ရာခိုင်နှုန်း ခုန်တက်ခဲ့ကြောင်း ဗဟိုဘဏ်ပြဆိုသော ကိန်းဂဏန်းများအရ ဂျကာတာပို့စ်က ဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးသည် ပထမနှစ်ဝက်အတွင်း ၅ ဒသမ ၉ ရာခိုင်နှုန်း တိုးလာပြီး လွန်ခဲ့သောနှစ်အလားတူကာလအတွင်း ၄ ဒသမ ၂ ရာခိုင်နှုန်းထက်ပို၍ တိုးမြင့်လာသည်။

အင်ဒိုနီးရှားနိုင်ငံ ပုဂ္ဂလိကလုပ်ငန်းတွင် ပြည်ပရင်းနှီးမြှုပ်နှံသူများမှ စိတ်ဝင်စားမှုတိုးမြင့်လာခြင်းကြောင့် ပထမနှစ်ဝက်အတွင်း ချေးငွေပမာဏ မြင့်တက်လာခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဂျပန်နိုင်ငံကို တိုင်ဖွန်းမုန်တိုင်း ဖြတ်ကျော်

တိုကျို ဩဂုတ် ၁၂

တိုင်ဖွန်းမုန်တိုင်း ဒီယန်မူးသည် တောင်ကိုရီးယားနိုင်ငံကို ဝင်ရောက်၍ လူငါးဦးသေစေပြီးနောက် ဂျပန်နိုင်ငံကို ဖြတ်သန်းကာ ပစိဖိတ်သမုဒ္ဒရာအတွင်းသို့ ကြာသပတေးနေ့တွင် ဝင်ရောက်သွားကြောင်း ဂျပန်မိုးလေဝသဌာနက ပြောကြားသည်။

တစ်နာရီလျှင် ၄၅ မိုင်နှုန်းဖြင့် ဟွန်ရှူးကျွန်း၏ မြောက်ပိုင်းကို ည ၈ နာရီအချိန်အထိ သုံးနာရီခန့်မျှ မွှေနှောက်၍ ဂျပန်ပင်လယ်ပြင် အရှေ့မြောက်ပိုင်းဆီသို့ ထွက်ခွာသွားသည်ဟု မိုးလေဝသဌာနက ပြောကြားသည်။ မုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းနိုင်ပြီး မြေပြိုနိုင်ကြောင်း၊ လှိုင်းလုံးများသည် ၁၆ ပေအမြင့်ထိရှိနိုင်ကြောင်း ၎င်းဌာနက သတိပေးချက် ထုတ်ပြန်သည်။

မိုးလေဝသဌာန၏ တိုင်းထွာချက်အရ ဂျပန်နိုင်ငံမြောက်ပိုင်းတွင် ၂၄ နာရီအတွင်း သောကြာနေ့ မွန်းလွဲပိုင်းအထိ မိုးရေချိန် ၈ လက်မအထိ ရွာခဲ့သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကိုလံဘီယာတွင် ဗုံးပေါက်ကွဲ တစ်ဦးသေဆုံး

ဘိုဂိုတာ ဩဂုတ် ၁၂

ကိုလံဘီယာနိုင်ငံ အလယ်ပိုင်း ဗီလာဗီဆန်ဘီယိုမြို့တွင် ဗုဒ္ဓဟူးနေ့က ဗုံးတစ်လုံး ပေါက်ကွဲရာ မိန်းကလေးတစ်ဦး သေဆုံး၍ အစ်ကိုဖြစ်သူမှာလည်း ဒဏ်ရာရရှိသွားကြောင်း သတင်းများတွင် ဖော်ပြသည်။

အဆိုပါဗုံးသည် အိမ်တစ်အိမ်အတွင်း၌ ပေါက်ကွဲခြင်းဖြစ်ကြောင်း၊ ဗုံးပေါက်ကွဲမှုကြောင့် အသက်ခုနစ်နှစ်အရွယ် မိန်းကလေးတစ်ဦးသေဆုံး၍ အသက် (၂၁) နှစ်အရွယ်ရှိ အစ်ကိုအကြီးဆုံး ဒဏ်ရာရရှိသွားကြောင်း ဒေသခံရဲတပ်ဖွဲ့အကြီးအကဲက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ထိုသို့ အိမ်အတွင်း၌ ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာက စုံစမ်းစစ်ဆေးလျက်ရှိသည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဟောင်ကောင်ကျေးလက်ဒေသ၌ ပျောက်ဆုံးနေခဲ့သော လေယာဉ်မှူး၏ ရုပ်အလောင်းကို ရှာဖွေတွေ့ရှိ

ဟောင်ကောင် ဩဂုတ် ၁၂

လွန်ခဲ့သည့် ရက်သတ္တပတ်က ပျောက်ဆုံးနေခဲ့သော နယူးဇီလန်လေကြောင်းမှ လေယာဉ်မှူးတစ်ဦး၏ ရုပ်အလောင်းကို ရှာဖွေတွေ့ရှိပြီဖြစ်ကြောင်း ဟောင်ကောင်ရဲတပ်ဖွဲ့က ကြာသပတေးနေ့တွင် ပြောကြားသည်။

ပျောက်ဆုံးနေသော လေယာဉ်မှူးမှာ အသက် (၅၁)နှစ်ရှိ မော်ရစ်ဆေးဆိုသူဖြစ်ပြီး ဟောင်ကောင်ကျေးလက်ဒေသ၌ ခရီးရှည်လမ်းလျှောက်မှု ပြုလုပ်ချိန်အတွင်း ပျောက်ဆုံးသွားခဲ့သည်။

ရှာဖွေတွေ့ရှိ

ဟောင်ကောင်ရဲတပ်ဖွဲ့သည် မော်ရစ်ဆေး၏ရုပ်အလောင်းကို ဩဂုတ် ၁၁ ရက် မွန်းလွဲ ၂ နာရီခွဲတွင် တောင်ကုန်းတစ်ခုအနီး ရှာဖွေတွေ့ရှိခဲ့သည်။ တာဝန်ရှိသူများက မော်ရစ်ဆေး၏ မိသားစုထံ အကြောင်းကြားပေးခဲ့ကြောင်း ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

မော်ရစ်ဆေး၏ ရုပ်အလောင်းနှင့်အတူ ၎င်း၏ ကျောပိုးအိတ်၊ လက်ပတ်နာရီနှင့် ကင်မရာတို့ကို ရှာဖွေတွေ့ရှိခဲ့ရကြောင်း၊ ၎င်းသည် အသတ်ခံရမှုကြောင့် သေဆုံးသည်ဟုယခုအချိန်အထိ အာဏာပိုင်များက အတည်ပြုခြင်းမရှိကြောင်း ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

မော်ရစ်ဆေး သေဆုံးရမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှု ပြုလုပ်နေပြီဖြစ်သည်။

ပျောက်ဆုံးသွား

မော်ရစ်ဆေးသည် ၎င်း၏ လုပ်ဖော်ကိုင်ဖက် လေယာဉ်မှူး အက်ပါလီနှင့်အတူ ဩဂုတ် ၄ ရက်က ဟောင်ကောင် ဒေသသစ်၏ကျေးလက်ဒေသ၌ ခရီးရှည်လမ်းလျှောက်လာစဉ် ပျောက်ဆုံးသွားခဲ့သည်။

နှစ်ဦးသား အတူတကွ လမ်းလျှောက်လာကြစဉ် လမ်းခုလတ်၌ အက်ပါလီက အနားယူရန် ချန်ရစ်နေခဲ့ကြောင်း၊ ထိုအချိန်တွင် မော်ရစ်ဆေးက ဆက်လက်လမ်းလျှောက်သွားခဲ့ကြောင်း၊ လမ်းအဆုံးတွင် နှစ်ဦးအတူပြန်လည်ဆုံစည်းရန် သဘောတူညီခဲ့ကြကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အက်ပါလီသည် မော်ရစ်ဆေးကို နောက်ထပ်တစ်ဖန် မတွေ့ရတော့သဖြင့် ဟိုတယ်သို့ တစ်ဦးတည်းပြန်လာခဲ့ပြီး ရဲတပ်ဖွဲ့ထံ တိုင်တန်းခဲ့သည်။ ကယ်ဆယ်ရေးအဖွဲ့ဝင် ၅၀ ကျော်က မော်ရစ်ဆေးအား ရှာဖွေခဲ့ကြသည်။

အင်တာနက်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဟိုပုံးမြို့နယ် ရန်ကင်းကျေးရွာ ရွှေရင်အေးစပါးစိုက်ခင်း၌ ကျင်းပသည့် မိုးစပါးစုပေါင်းမြေသြဇာကြဲပက်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် တောင်ကြီးနှင့် ဟိုပုံးမြို့နယ်များအတွင်း ဘက်စုံကဏ္ဍဖွံ့ဖြိုးတိုးတက်မှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၁၁ ရက်တွင် မိတ္ထီလာ-တောင်ကြီး- ကျိုင်းတုံ-တာချီလိတ်လမ်း၊ တောင်ကြီး-လွိုင်လင်လမ်းအပိုင်း ပြုပြင်ထိန်းသိမ်းခြင်းနှင့် လမ်းသားချဲ့ခြင်း လုပ်ငန်းခွင်သို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းလျာထားချက်နှင့် ပြီးစီးမှုအခြေအနေများကို တင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်က လိုအပ်သည်များ မှာကြားကာ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဟိုပုံးမြို့နယ် ရန်ကင်းကျေးရွာ ရွှေရင်အေးစပါးစိုက်ခင်း၌ ကျင်းပသည့် မိုးစပါးစုပေါင်းမြေသြဇာကြဲပက်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဟိုပုံးမြို့နယ်(၂၅) ခုတင်ဆံ့ပြည်သူ့ဆေးရုံသို့ ရောက်ရှိ ကြည့်ရှုစစ်ဆေးကာ ဆေးရုံတက်ရောက်၍ ကုသမှုခံယူနေကြသည့် လူနာများအား စားသောက်ဖွယ်ရာများ ပေးအပ်ပြီး ဆေးရုံအတွက် ဆေးဝါးပစ္စည်းများနှင့် ဆေးပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဟိုပုံးရေထွက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း အဆင့်မြှင့်ပြုပြင်မွမ်းမံမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ထီသိမ်ရေလှောင်တမံ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက မြို့နေလူထုအတွက် သောက်သုံးရေ ဖြန့်ဝေပေးနိုင်မှုများကို လည်းကောင်း၊ ထီသိမ်ကန်ကြိုးဝိုင်းအတွင်း သစ်တောစိုက်ခင်းများ တည်ထောင်ပြီးစီးမှုများကို လည်းကောင်း ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ထီသိမ်ရေကူရေလှောင်တမံအတွင်း ရေသိုလှောင်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၂

၁၅ ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင် အတွဲ (၂)၊ အမှတ် (၈) ကို ဩဂုတ် ၁၃ ရက် (သောကြာနေ့)တွင် စတင်ဖြန့်ချိမည်ဖြစ်သည်။ ယင်း TV Guide စာစောင်တွင် MTV ရုပ်သံလိုင်း၌ နာမည်ကျော်ကြားသူများ၏ ကိုယ်အလေးချိန်လျှော့ချမှုကို တင်ဆက်ပြသမည့် VH1 40 Most Slimmed Down Celeb အစီအစဉ် Lady Gaga ၏ ဆန်းပြားသည့် ဖက်ရှင်ဒီဇိုင်း ၁၀ မျိုးနှင့်အတူ အင်္ဂလန်ဘုရင်မကြီးနှင့် တွေ့ဆုံရာတွင် ဝတ်ဆင်ခဲ့သည့် ဖက်ရှင်အကြောင်း ကြည့်ရှုရမည့် အစီအစဉ်၊ မြန်မာစာတန်းထိုးများဖြင့် ပြသနေသည့် Star Movies ရုပ်သံလိုင်းတွင် အမေရိကန်စုံထောက် ထောက်လှမ်းရေးနှင့် ရဲတပ်ဖွဲ့လုပ်ငန်းများအကြောင်း ရိုက်ကူးထားသည့် NCIS ရုပ်သံစီးရီး၊ ဟာသနှင့် စွန့်စားမှုကို ပေါင်းစပ်ဖန်တီးထားသည့် Night At The Museum ဇာတ်ကားအပါအဝင် Red Down, My Family's Secret, Street Fighter စသည့် ဟာသ၊ ဒရမ်မာ၊ အက်ရှင်အမျိုးအစားစုံလင်သည့် ရုပ်ရှင်ဇာတ်ကားကောင်းများ၊ ကလေးများအကြိုက် Cartoon Net-Work ရုပ်သံလိုင်း၏ အစီအစဉ်များ၊ Nat Geo Wild ရုပ်သံလိုင်းတွင် ပြသမည့် ဗုဒ္ဓဘာသာကိုးကွယ်ရာ ဘုရင့်နိုင်ငံသည် ကမ္ဘာမြေကြီး၏ နောက်ဆုံးရှန်ဂရီလာအဖြစ် ပြောင်းလဲသွားပုံအား တင်ဆက်ပေးမည့် The Living Edens: The Last Shangri-La အစီအစဉ်၊ Animal Planet တွင် တိရစ္ဆာန်ကမ္ဘာရှိ အမသတ္တဝါများ၏ ကြီးစိုးမှုကို ကြည့်ရှုရမည့် Wildwives of Savannah Lane အစီအစဉ်နှင့် အခြားစိတ်ဝင်စားဖွယ် အစီအစဉ်ကောင်းများ၊ Travel & Living ရုပ်သံလိုင်း၏ အစီအစဉ်သစ်တစ်ခုဖြစ်သည့် မိဘများနှင့် ကလေးများအတွက် Make Room For Baby အစီအစဉ်နှင့် Exotic Escapades, Fun Taiwan 11, Not Your Average Travel Guide:Rome စသည့် အစီအစဉ်များ၊ အစီအစဉ်အားလုံးအား မြန်မာစာတန်းထိုးများဖြင့် ကြည့်ရမည့် NGC ရုပ်သံလိုင်းမှ Megastructure: Beijing Water Cube, Is It Real? UFO, Shark Men: First Bike အစီအစဉ်များအကြောင်း၊ Discovery ရုပ်သံလိုင်းတွင် ပြသပေးမည့် Guge-Lost Kingdon of Tibet, Emperor of The Seas, Top Sniper 2, Strom Surfers စသည့် အစီအစဉ်များအကြောင်း၊ ESPN နှင့် Star Sports ရုပ်သံလိုင်းတွင် တိုက်ရိုက်ပြသမည့် Man U Vs Newcastle United, Arsenal Vs Blackpool, Fulham Vs Man U, Wigan Vs Chelsea, Stoke City Vs Tottenham Hotspur, Man City Vs Liverpool, Blackburn Vs Arsenal, Chelsea Vs Stoke City, Man U Vs Westham, Liverpool Vs West Brom စသည့် ပွဲစဉ်များ၏ ပွဲကြိုသုံးသပ်ချက်များနှင့် တိုက်ရိုက်ပြသမည့် အချိန်များ၊ မြန်မာစာတန်းထိုး/မြန်မာစကားပြောများဖြင့် ကြည့်ရမည့် Multi Max ရုပ်သံလိုင်းမှ အစီအစဉ်များ၊ 5 Movies, 5 Series, 5 Series II, 5 Cartoon ရုပ်သံလိုင်းများမှ အစီအစဉ်ကောင်းများ၊ Mandalay FM ၏ ပါရမီရှင်တို့၏ အမှတ်တရတေးအစီအစဉ်တွင် နားဆင်ရမည့် J Me ၏ Hip Hop အမှတ်တရများနှင့် ဘောလုံးပရိသတ်များအတွက် လတ်လတ်ဆတ်ဆတ် အားကစားသတင်းအစီအစဉ်၊ MRTV-4 ရုပ်သံလိုင်းတွင် ဩဂုတ် ၂၀ ရက် ညနေ ၆ နာရီတွင် အမျိုးသားဇာတ်ရုံ၌ ကျင်းပမည့် 7 Golden Girls ဂီတဖျော်ဖြေပွဲအား ဩဂုတ် ၂၂ ရက်တွင် ပြသမည့် အစီအစဉ်သစ်အကြောင်းများ အပါအဝင် ရုပ်သံလိုင်းအားလုံး၏ ၁၅ ရက်စာ အစီအစဉ် အချိန်ဇယားများအပြင် မြဝတီရုပ်မြင်သံကြား အစီအစဉ်၏ ၁၅ ရက်စာ အစီအစဉ်အချိန်ဇယားများ ပါဝင်သည်။

၁၅ ရက်စာ အစီအစဉ်များ ပါဝင်သော TV Guide စာစောင်ကို TV Guide Distribution Network ဖုန်း-၀၁-၇၃၀၆၀၃၁၅ မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ Door To Door မှာယူလိုသူများသည် Novel Light Express ဖုန်း-09-5080850, 391186 သို့ မှာယူနိုင်သည်ဟု သိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စာရင်းကောင်စီ ဒီပလိုမာစာရင်းကိုင်သင်တန်း (ပထမပိုင်း)အတွက် သင်တန်းသားများခေါ်ယူ

ရန်ကုန် ဩဂုတ် ၁၂

၂၀၁၁ ပညာသင်နှစ် ဒီပလိုမာစာရင်းကိုင်သင်တန်း(ပထမပိုင်း)ကို ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလတွင် ရန်ကုန်မြို့ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း အမှတ်(၁/၁၉) သခင်မြပန်းခြံလမ်း အလုံမြို့နယ်၌ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ ပထမပိုင်း တစ်နှစ်၊ ဒုတိယပိုင်း တစ်နှစ်ဖြစ်သည်။ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူများ လျှောက်ထားနိုင်သည်။

သင်တန်းတက်လိုသူသည် အထက်ပါလိပ်စာတွင် သင်တန်းဝင်ခွင့်စာမေးပွဲကြေး ကျပ် ၂၀၀၀ ပေးသွင်း၍ ပြဋ္ဌာန်းထားသည့်လျှောက်လွှာပုံစံနှင့်အတူ လိုအပ်သည့်အထောက်အထားများကို ပူးတွဲလျက် ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၂၇ ရက်နေ့အထိ ရုံးချိန်အတွင်း ကိုယ်တိုင်လာရောက် လျှောက်လွှာတင်သွင်းရမည်။ သတ်မှတ်ရက်လွန်ပြီးမှ တင်သွင်းလာသည့် လျှောက်လွှာများကို လက်ခံမည်မဟုတ်ကြောင်း၊ လိုအပ်ချက်မပြည့်စုံသည့် လျှောက်လွှာရှင်များကို သင်တန်းဝင်ခွင့်စာမေးပွဲ ဖြေဆိုခွင့်ပြုမည်မဟုတ်ကြောင်း သိရသည်။

သင်တန်းဝင်ခွင့်စာမေးပွဲကို ၂၀၁၀ ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင်ကျင်းပမည်ဖြစ်ပြီး သင်တန်းတက်ခွင့်ရသူများစာရင်းကို ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၁ ရက်မတိုင်မီ ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(သောကြာနေ့-နံနက်-နေ့လယ်-ည)

၁၃-၈-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း-ကြေညာချက်
၇း၀၅	တရားတော် တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ (ရတနသုတ်+ဂုဏ်တော်ကွန်ချာ)
၇း၃၀	ဓမ္မပူဇာတေးပဒေသာ
၇း၃၅	(၃၈)ဖြာမင်္ဂလာ
၈း၀၀	နံနက်ခင်းတေးပဒေသာ
၈း၁၀	စံတော်ချိန်+သတင်း
၈း၃၀	နံနက်ခင်းတေးပဒေသာ
၈း၃၅	ပြောပါရစေရှင် (အကျင့်ကောင်း) တေးပဒေသာ
၁၀း၀၀	သောတရှင်လိုရာတေး
၁၀း၃၀	သတင်းစာအာဘော်
၁၀း၄၀	တူယှဉ်သီကြွေးစုံတွဲတေး
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀	လေလှိုင်းကြားကပွဲတင်သံ
၁၁း၄၅	နေ့လယ်ခင်းတေးပဒေသာ
၁၂း၀၀	စံတော်ချိန် ဆိုကြပျော်ရွှင်တေးသံစဉ် (INTERMEDIATE LEVEL)(24)
၁၂း၃၀	အလုပ်အကိုင်အခွင့်အလမ်း နေ့လယ်ခင်းတေးပဒေသာ
၁း၀၀	မွန်းလွဲပိုင်းသတင်း နေ့လယ်ခင်းတေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀	စစ်သည်အတွက် တေးလက်ဆောင်
၅း၀၀	Music Talk တေးပဒေသာ
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၀	ရင်ခုန်စီးဆင်းအနုပညာသတင်း
၆း၀၀	ညနေခင်းသတင်း
၆း၁၀	လူမှုစာနာပြန်ကြားလွှာ
၆း၂၀	တေးချစ်သူရွေးသီတေးပန်းချီ
၆း၄၅	နိုင်ငံရေးဦးတည်ချက် တေးပဒေသာ
၇း၀၀	နိုင်ငံတကာသတင်း
၇း၁၀	ညချမ်းချိန်ခါတေးပဒေသာ
၇း၂၅	ဇာတ်လမ်းပမာနားဆင်စရာ (နားလည်ပါစေမိချောတို့အမေ)
၇း၄၅	တေးပဒေသာ
၈း၀၀	ပြည်တွင်းသတင်း
၈း၂၀	အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ဒါရိုက်တာအကယ်ဒမီ ညီညီထွန်းလွင်) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၉း၀၀	ဆောင်းပါး (အနှိုင်းမဲ့ကုသိုလ်-ဒုတိယပိုင်း)
၉း၀၅	ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၁၀း၀၀	အစီအစဉ်ပြီး။

နိုင်ငံတကာ သဘာဝဘေးအန္တရာယ်သတင်း

ရုရှားချူကလီးယား သုတေသနစခန်းအနီး တောမီးငြိမ်းသတ်နိုင်ရန် ကြိုးပမ်း

မော်စကို ဩဂုတ် ၁၂

ရုရှားနိုင်ငံတွင် ပင်မချူကလီးယား သုတေသနစခန်းတစ်ခုအနီး လောင်ကျွမ်းနေသည့် တောမီးကို ငြိမ်းသတ်နိုင်ရန် မီးသတ်သမားများက အစွမ်းကုန်ကြိုးပမ်းလျက်ရှိကြောင်း အရေးပေါ်လုပ်ငန်းများ ဝန်ကြီးဌာနက ဩဂုတ် ၁၂ ရက်တွင် ပြောကြားသည်။

ချာနိုဘိုင်း ချူကလီးယား မတော်တဆမှုကြောင့် ညစ်ညမ်းနေသော သစ်တောအတွင်း တောမီးလောင်ကျွမ်းမှုကြောင့် ဓာတ်ရောင်ခြည်ဘေးအန္တရာယ်ဖြစ်ပေါ်လာမည်ကို စိုးရိမ်ပူပန်နေရချိန်တွင် ရုရှားနိုင်ငံရှိ ချူကလီးယား သုတေသနစခန်းသို့ မီးကူးစက်ခြင်း မရှိစေရန် မီးသတ်သမားများက အင်တိုက်အားတိုက် ကြိုးပမ်းလျက်ရှိကြသည်။

ရုရှား၏ အိမ်နီးချင်း ယူကရိန်းနိုင်ငံ ချာနိုဘိုင်းမြို့မှ ၃၅ မိုင်အကွာတွင် တောမီးလောင်ကျွမ်းနေမှုကို ငြိမ်းသတ်နိုင်ရန် အားသွန်ခွန်စိုက် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြသည်။

ဆာရော့မြို့ရှိ ချူကလီးယားသုတေသနဌာနအနီး တောမီးလောင်ကျွမ်းမှုကို မီးသတ်သမား ၃၄၀၀ ကျော်က ငြိမ်းသတ်လျက်ရှိသည်။ ရုရှားအစိုးရသည် မီးသတ်သမား ၇၀ ကို ယင်းမီးသတ်သမားများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် အထူးရထားဖြင့် စေလွှတ်ပေးခဲ့သည်။

ဆာရော့မြို့အနီး သစ်တောဒေသ၌ တောမီးလောင်ကျွမ်းမှုမှာ ရက်သတ္တတစ်ပတ်ခန့် ကြာမြင့်ခဲ့ပြီဖြစ်သည်။ ဆာရော့မြို့အနီး တောမီးလောင်ကျွမ်းမှု အခြေအနေကို ထောက်လှမ်းသိရှိနိုင်ရန် လေယာဉ်နှစ်စင်းနှင့် ရဟတ်ယာဉ်နှစ်စင်းကို အသုံးပြုသည်။

ရုရှားတွင် အဟုန်ပြင်းစွာ လောင်ကျွမ်းလျက်ရှိသော တောမီးကို ကျေးရွာသူတစ်ဦးက မီးတားကွက်များ ပြုလုပ်၍ မီးအခြေအနေကို စောင့်ကြည့်နေစဉ်။

(ဓာတ်ပုံ- အင်တာနက်)

တောမီးငြိမ်းသတ်ရေးနှင့် ပါဝင်ကူညီစေရန် အထူးရထားနှစ်စင်းကို စေလွှတ်ခဲ့သည်။ ယင်းရထားများပေါ်တွင် မီးငြိမ်းသတ်ရာ၌ အသုံးပြုနိုင်ရန် ရေလှောင်ကန်များနှင့် အထူးမီးသတ်ပိုက်များ ပါရှိသည်။

ဆာရော့မြို့အနီး မီးငြိမ်းသတ်မှု၌ ပါဝင်ကူညီနေသော စစ်သားနှစ်ဦး သေဆုံးခဲ့ရသည်။ ***အင်တာနက်။***

အတိတ်ကောင်း၊ နိမိတ်ကောင်းကို ဆောင်ကြဉ်းလာသည့် စတုတ္ထမြောက် ဆင်ဖြူတော်ရတနာ

ဝေယံမောင်

ယနေ့ကာလသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် အရေးအကြီးဆုံး အချိန်အခါသမယဖြစ်ပါသည်။ ဒီမိုကရေစီနိုင်ငံတော်သစ်ကို ထုဆစ်အကောင်အထည်ဖော်မည့် ပြည့်သူရဲကောင်းများကို ပြည်သူ့ဆန္ဒနှင့်အညီ ရွေးချယ်တော့မည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပဉ္စမအဆင့်ဖြစ်သော ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကြီးက မကြာမတင်သောကာလတွင် ကျင်းပတော့မည်ဖြစ်သောကြောင့် ဖြစ်ပါသည်။

ထိုသို့သော အခြေအနေတွင် မင်္ဂလာသတင်းကို သိလိုက်ရပါသည်။

ဆင်ဖြူတော် ထပ်မံထွန်းပေါ်လာပြန်ပြီဟူ၍။

ဆင်ဖြူတော်ရတနာကို ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းမှ ဇွန် ၂၆ ရက်တွင် ရရှိခဲ့ခြင်းဖြစ်ပြီး နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်သို့ ဩဂုတ် ၉ ရက်တွင် ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။ ၎င်းနေ့တွင်ပင် ထုံးတမ်းစဉ်လာနှင့်အညီ အနန္တရာယိကမင်္ဂလာ (အန္တရာယ်ကင်းမင်္ဂလာ)၊ ဂေဟပဝေသနမင်္ဂလာ(အိမ်တက်မင်္ဂလာ)၊ ဘတ္တာဘုဥ္ဇနမင်္ဂလာ(အစာခွံ့မင်္ဂလာ)၊ ရဝိန္ဒုဒဿနမင်္ဂလာ(နေလပြမင်္ဂလာ)နှင့် နာမကရဏမင်္ဂလာ (အမည်မှည့်မင်္ဂလာ)တို့ကို ဆောင်ရွက်ခဲ့ကြပြီး ဖြစ်ပါသည်။

ယခုအခါ ဘဒ္ဒဝတီဟုအမည်နာမတွင်သည့် ဆင်ဖြူတော်ရတနာသည် အဖော်ဆင်များနှင့်အတူ ဥပ္ပါတသန္တိစေတီတော် ဝတ္တကမြေအတွင်း ပျော်ရွှင်စွာ သွားလာနေထိုင်လျက်ရှိကြောင်း သိရှိရပါသည်။

လက်ငင်း ပစ္စက္ခကာလ၌ပင် ကမ္ဘာတစ်ဝန်းသဘာဝဘေးအန္တရာယ်အမျိုးမျိုးဖြင့် အခြေအနေဆိုးအဖုံဖုံ ကြုံတွေ့နေရစဉ်တွင် မိမိတို့နိုင်ငံအဖို့မှာမူ ထိုသို့ကပ်ဆိုး၊ ဘေးဆိုးလွတ်ကင်းနေသည့်အပြင် ယခုထပ်မံထွန်းပေါ်လာသည့် ဆင်ဖြူတော်ရတနာကြောင့်လည်း တိုင်းပြည်အေးချမ်းသာယာဝပြောမည့်၊ အမျိုးဘာသာ၊ သာသနာတော်စည်ပင်ပြန့်ပွားမည့် အတိတ်နိမိတ်ကိုဖြစ်စေသည်ဟု တိုင်းသူပြည်သားတို့အနေဖြင့် ယုံကြည်ကာ ကြည်နူးကျေနပ်မှုများ၊ ဝမ်းသာအားရမှုများ ဖြစ်ပေါ်လျက်ရှိနေကြပါသည်။

အမှန်စင်စစ် ဆင်ဖြူတော်ကို အရေးတယူ အလေးမူမြတ်နိုးခြင်းမှာ ယခုခေတ်မှ စတင်လာခြင်းမဟုတ်ဘဲ သာသနာဝင်ကျမ်းများမှပင် ဆင်းသက်လာခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ ဒီဃနိကာယ မဟာဝဂ္ဂပါဠိတော် မဟာသုဒဿနသုတ်တော်တွင် မဟာသုဒဿနစကြာမင်းသည် စကြာရတနာ၊ ဆင်ရတနာ၊ မြင်းရတနာ၊ ပတ္တမြားရတနာ၊ မိဖုရားရတနာ၊ သူကြွယ်ရတနာ၊ သားကြီးရတနာဟု ရတနာခုနစ်ပါးရရှိခဲ့ရာ ဆင်ရတနာသည် တစ်ပါးအပါအဝင်ဖြစ်ခဲ့ပါသည်။

ထို့အပြင် ဆင်ဖြူတော်တို့သည် မြန်မာ့ယဉ်ကျေးမှုနှင့် သမိုင်းတွင် လွှမ်းစွာအရေးပါခဲ့သည်ကို ဗုဒ္ဓ၏ ဇာတ်နိပါတ်တော်များတွင်လည်း တွေ့ရှိရပါသည်။ သာဓကဖော်ပြရလျှင် ငါးရာ့ငါးဆယ် ဇာတ်တော်မှ ဘုရားလောင်း ဆဒ္ဒန်ဆင်မင်းဇာတ်တွင် ဆဒ္ဒန်ဆင်မင်းကို သရုပ်ဖော်ရာ၌ ဆင်ဖြူအသွင်နှင့် သရုပ်ဖော်ခဲ့ကြပါသည်။

ဂေါတမမြတ်စွာဘုရားမဖြစ်မီ နောက်ဆုံးဆယ်ဘဝအနက် ဝေဿန္တရာမင်းကြီးဘဝတွင် အလှူအတန်း၊ အပေးအကမ်းရက်ရောမှုအပေါ် အများပြည်သူတို့ လွှမ်းစွာကြည်ဖြူကျေနပ်ခဲ့ကြသော်လည်း ပြည်သူအများ အမွန်အမြတ်ထားသည့် ဆင်ဖြူတော်ကို ဒါနပါရမီမြောက်စေရန် လှူဒါန်းလိုက်သောအခါတွင်မူ မင်းကြီးအပေါ် ဖြူစူငြိုငြင်ခဲ့ကြသဖြင့် ထီးနန်းကိုပင်စွန့်လွှတ်ကာ မိဖုရားနှင့် သားတော်၊ သမီးတော်တို့ကို ခေါ်ယူပြီး တောထွက်လာခဲ့ရသည်မှာလည်း ကျမ်းကိုးနှင့် အထင်အရှားပင် ဖြစ်ပါသည်။ ထိုလှူဒါန်းလိုက်သည့် ဆင်ဖြူတော် ကလိင်္ဂရာဇ်တိုင်းသို့ ရောက်လျှင်ရောက်ချင်း မိုးခေါင်နေရာမှ မိုးကောင်းစွာ ရွာသွန်းခြင်း၊ တိုင်းပြည် စည်ပင်သာယာဝပြောလာခြင်းတို့ဖြစ်စေသည်အထိ ဆင်ဖြူတော်၏ တန်ခိုးအာနုဘော်အား ဖော်ပြထားသည်ကိုလည်း တွေ့ရှိရမည်ဖြစ်ပါသည်။

သုံးလူ့ထွတ်ထား မြတ်စွာဘုရားအဖြစ်သို့ ရောက်ရှိတော်မူမည့်ဘဝတွင် မယ်တော်မဟာမာယာ၌ ထူးခြားသော အိပ်မက်ကောင်းကို မြင်မက်တော်မူရာတွင် ကောင်းကင်ယံမှဆင်ဖြူတော်သည် သပြေခက်ကို နှာမောင်းနှင့်ချီလျက် မဟာမာယာ၏ ဝမ်းကိုယ်တွင်းသို့ လက်ယာဘက်မှ ဝင်ရောက်ကိန်းအောင်းသည်ဟု မြင်မက်ခဲ့ပြီး ပုရောဟိတ်ဆရာတို့က ၎င်းအိပ်မက်အပေါ် ထူးမြတ်သောသားရတနာ သန္ဓေတည်ပြီဟု နိမိတ်တော်ဖတ်ခဲ့ကြခြင်းသည်လည်း ဆင်ဖြူတော်အား အလေးအမြတ်ပြုရမည့်၊ အထွတ်အမြတ်ထားရမည့် ဂုဏ်ပုဒ်ကို ပေါ်လွင်ထင်ရှားစေသည် ဖြစ်ပါသည်။

ပုဂံခေတ်သာသနာပြု အနော်ရထာမင်းလက်ထက် အေဒီ ၁၀၅၄ နှစ်တွင် သထုံသို့ ချီတက်သိမ်းယူပြီး မနူဟာမင်းပိုင်ဆိုင်သော ပိဋကတ်တော်များ၊ ဘုရားဆင်းတုတော်များ၊ ဓာတ်တော်များ စသည့်အထွတ်အမြတ်ပစ္စည်းများကို နေပြည်တော်သို့ ပင့်ဆောင်ခဲ့ရာတွင် ဆင်ဖြူ ၃၂ စီးပေါ်တင်၍ ပင့်ဆောင်ခဲ့ကြောင်း သိရှိရပါသည်။ ပုဂံခေတ်နောက်ပိုင်း မြန်မာ့သမိုင်းအဆက်ဆက်တွင်လည်း ဆင်ဖြူ၏အခန်းကဏ္ဍသည် လွှမ်းစွာအရေးပါပြီး ဆင်ဖြူရရှိသော၊ ဆက်သခံရသော ဘုရင်တို့သည် ဆင်ဖြူတော်ပိုင်ဆိုင်မှုနှင့်အတူ ဩဇာတိက္ကမ ကျော်စောထင်ရှားခြင်း၊ တိုင်းသူပြည်သားတို့မှာလည်း စည်ပင်ဝပြောခြင်း၊ တိုင်းပြည်အေးချမ်းသာယာခြင်း စသည့် ကျက်သရေမင်္ဂလာအဖြာဖြာဖြင့် တင့်တယ်ပြည့်စုံခဲ့ကြောင်း သမိုင်းတွင် အထင်အရှား တွေ့ရှိရမည်ဖြစ်ပါသည်။

ထို့ကြောင့် ရှေးမြန်မာမင်း အစဉ်အဆက်တို့သည် ဆင်ဖြူတော်ပေါ်လာလျှင်“ဆင်ဖြူရှင်”ဘွဲ့ခံယူခြင်း၊ ဆင်ဖြူတော် မထွန်းပေါ်ပါကလည်း တောင်းယူခြင်း၊ ဆင်ဖြူတော်သတင်းပေါ်ပါက ရှာယူခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်။ ပင်းယခေတ် သီဟသူမင်းသည် ဆင်ဖြူရှင်ဘွဲ့ခံယူလိုသဖြင့် စပုံမြစ်အတွင်း ရေစီး၌ မျောပါလာသော ဆင်ဖြူအသေတစ်စီးကိုပင်သယ်ယူ၍ “ရတနာက”တွင် ထူမတ်ပြီး ပွဲသဘင်ဖြင့် “တစ်စီးရှင်ဘွဲ့”ခံယူခဲ့ပါသည်။ ပုဂံခေတ်ပျက်သုဉ်းခါနီး နှောင်းပိုင်းကာလတွင် ဘုရင်“ဥဇနာ”သည် ဆင်ဖြူတော်ပေါ်ထွန်းသည်ဟု သတင်းရ၍ ဆင်ဖြူရှင်ဘွဲ့ခံယူနိုင်ရန် ယခု ဒလ၊ တွံတေးတောကြီးတန်းသို့သွားရောက်ဆင်ကျော့ရာမှ မသမာသူတို့လက်ချက်ဖြင့် လုပ်ကြံခံရဖူးကြောင်း သမိုင်းတွင် တွေ့ရှိခဲ့ရပါသည်။ ဆင်ဖြူတော်ကို ပိုင်ဆိုင်လိုစိတ်ဖြင့် နည်းလမ်းအမျိုးမျိုးသုံးကာ ရရှိစေရန်ဆောင်ရွက်ခဲ့မှုများ၊ ဆင်ဖြူကြောင့် မဟာမိတ်ဖြစ်ရပုံ၊ ဆင်ဖြူကြောင့်ပင် ရန်၊စစ်ကြီးစွာ ခင်းခဲ့ရပုံတို့ကိုလည်း သီဟိုဠ်၊ မြန်မာ၊ မွန်၊ ယိုးဒယားရာဇဝင်တစ်လျှောက်တွင် များစွာရှိကြောင်း သမိုင်းမှတ်တမ်းများက ပြဆိုလျက်ရှိပါသည်။

ဆင်ဖြူတော်ဟူသည် နိုင်ငံတစ်နိုင်ငံ၊ ခေတ်တစ်ခေတ်၊ သမိုင်းတစ်ကွေ့တွင် ဖြစ်ထွန်းပေါ်ပေါက်ရန် ခဲယဉ်းလှသော ရတနာတစ်ပါးဖြစ်ပါသည်။ ဆင်ကောင်ရေတစ်ထောင်တွင် ဆင်ဖြူတစ်ကောင် တွေ့ရခဲပါသည်။ ဖြူနေသောဆင်ဖြစ်ပင်ဖြစ်ငြားသော်လည်း ဆင်ဖြူတော်တို့၏ ကြန်အင်လက္ခဏာ ဂုဏ်အင်္ဂါများဖြင့်ပြည့်စုံမှသာ ဆင်ဖြူတော်ဟု သတ်မှတ်နိုင်သည့် ရတနာလည်းဖြစ်ပါသည်။

ဆင်ဖြူတွေ့လျှင် ဥပဒေအရ ဘုရင့်ထံဆက်သရကြောင်း၊ ဆင်ဖြူတော်မှန်လျှင် တွေ့ရှိသူကို ဆုချီးမြှင့်ကြောင်း၊ ဆင်ဖြူတော်ကို ဘုရင့်သားတော်အဆင့် သတ်မှတ်ကြောင်း၊ ဘုရင့်တော်ဝင် ဆင်ဖြူတော်ဖြစ်ရန် (၃၁၅)ချက်မျှသော စစ်ဆေးမှုမျိုးပင် မြန်မာ့ရာဇဝင်တွင်ရှိခဲ့ကြောင်းနှင့် ဆင်ဖြူတော်မှန်လျှင် အောက်ပါထူးခြားချက်များ တွေ့နိုင်ကြောင်းသိရှိရပါသည်-

(က) မျက်လုံးအိမ်နှင့် မျက်ကြည်လွှာမှာ အဖြူရောင်နှင့် ပန်းရောင်ရှိခြင်း။

(ခ) အာခံတွင်းမှာ ပန်းရောင်ရှိခြင်း။

(ဂ) ပခုံးနှစ်ဖက်တွင် အဖြူ / ပန်းရောင် ရစ်သိုင်းခြင်း။

(ဃ) အစွယ်နှစ်ဖက် ဝန်းရစ်ထားသော အရေပြားအရောင်နှင့် ပခုံးအောက် ချိုင်းတစ်ဝိုက် အရေပြားအရောင်တို့ ဆင်တူခြင်း။

(င) လိင်အင်္ဂါများ အဖြူ / ပန်းရောင်ရှိခြင်း။

(စ) ခြေသည်းများ အဖြူ / ပန်းရောင်ရှိခြင်း။

(ဆ) အမွေးများမှာ အလင်းရောင်ခံ၍ကြည့်လျှင် မှန်ကဲ့သို့ အကြည်ရောင်၊ တချို့ ပျားရည်အကြည်ရောင် ထွင်းဖောက်မြင်နိုင်ခြင်း။

(ဇ) ခြေသည်း၊ ရင်ဘတ်၊ လည်ရစ် အသားအရောင်သည် ဘေးပတ်လည် အရေပြားအသားရောင်ထက် ဖျော့တော့ခြင်း။

(ဈ) ဦးခေါင်းအတွင်း အနံ့သင်းသော အရည်ထွက်ပေါက်ရှိခြင်း။

(ည) ခန္ဓာကိုယ်ရှိ ချွေးထွက်ပေါက်တစ်ပေါက်မှာ အမွေးနှစ်ချောင်းပူး၊ တစ်ခါတစ်ရံ လေးချောင်းပူးထွက်ရှိပြီး အမွေးနှစ်ချောင်းပူးလေးစုံအထိ ထွက်ပေါ်နိုင်ခြင်း။

(ဋ) ကိုယ်အရောင်မှာ အုန်းခွံရောင်နှင့် မီးခိုးပြာရောင် ရောစပ်ထားသော (Chestnut Gray) အရောင်ရှိခြင်း။

(ဌ) သင်းသော ကိုယ်နံ့ရှိခြင်း။

(ဍ) အိပ်စက်သည့်အခါ မင်္ဂလာရှိသော အရပ်မျက်နှာသို့ ခေါင်းတည်အိပ်ခြင်း။

(ဎ) အိပ်စက်စဉ် ညင်သာသော ဟောက်သံသာပြုခြင်း။

(ဏ) ဆင်ပေါက် (Baby Elephant) နို့စို့အရွယ်ငယ်ဖြစ်ပါက မန်ကျည်းသီးမှည့်(၄)ကီလိုမျှကို ရေနှင့်ဖျော်၍ ညဦးပိုင်း ကိုယ်အနှံ့လိမ်းပေးပြီး မိုးလင်းမှ ရေသန့်စင်ပေးလျှင် မူလဆင်ဖြူတော်အရောင်အသွေးကို ထင်ရှားတွေ့မြင်နိုင်ခြင်း။

ပုဂံခေတ် ပထမမြန်မာနိုင်ငံတော်ကို အောင်မြင်စွာ ထူထောင်နိုင်ခဲ့သည့် အနော်ရထာမင်းသည် လည်းကောင်း၊ တောင်ငူခေတ် ဒုတိယမြန်မာနိုင်ငံတော်ကို အောင်မြင်စွာထူထောင်နိုင်ခဲ့သည့် ဘုရင့်နောင်မင်းတရားသည် လည်းကောင်း၊ ကုန်းဘောင်ခေတ် တတိယမြန်မာနိုင်ငံတော်ကို အောင်မြင်စွာထူထောင်နိုင်ခဲ့သည့် အလောင်းမင်းတရားသည် လည်းကောင်း ဆင်ဖြူများရှင် မင်းတရားကြီးများဖြစ်ခဲ့ကြပါသည်။

ထိုသို့သော ရတနာဆင်ဖြူတော်များပိုင်ဆိုင်သည့် ခေါင်းဆောင်များပီပီ ၎င်းမင်းတရားကြီးများ၏ လက်ထက်တွင် ပြည်ထောင်စုကြီးသည် တစုတစည်းတည်း ခိုင်ဖြိုးအားကြီး အစဉ်အလာနှင့်လည်းကောင်း၊ ပြည်ထောင်စုတွင်း နေထိုင်မှီတင်းကြသော တိုင်းရင်းသားအပေါင်းတို့သည် ဥမကွဲ၊ သိုက်မပျက် စည်းလုံးချစ်ခင်စွာဖြင့် အေးချမ်းသာယာသောဘဝကို ပိုင်ဆိုင်လျက် မတောင့်မတ၊ မကြောင့်မကြ လှူနိုင်တန်းနိုင်၊ ပေးနိုင်ကမ်းနိုင်သည့် အခြေအနေမျိုးတွင် လည်းကောင်း၊ ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ့်အဆင်းနှင့်၊ ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ကြငှန်းနှင့် ကိုယ့်ပြည်ကိုယ့်ရွာ၊ ကိုယ့်အချုပ်အခြာနှင့် လည်းကောင်း၊ နိုင်ငံတကာမှ လေးစားရသည့် ခံ့ညားသောဂုဏ်ဒြပ်ဖြင့် ဝင့်ထည်မားမတ် ရပ်တည်နိုင်ခဲ့ကြပါသည်။

ထိုနည်းတူ ယနေ့ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင်လည်း ဆင်ဖြူတော်များပေါ်ထွန်းခဲ့လေရာ ယခုရောက်ရှိလာသည့် ဆင်ဖြူတော်အပါအဝင် ဆင်ဖြူတော်လေးစီးအထိ ရှိခဲ့ပြီဖြစ်ပါသည်။

ကုန်းသတ္တဝါအပေါင်းတို့တွင် ကိုယ်ထည်အကြီးဆုံးဖြစ်သည့်၊ ခွန်အားလည်း အကြီးဆုံးဖြစ်သည့် ဆင်တို့သည် ရှေးအခါက ကမ္ဘာ့မြောက်ဘက်ခြမ်း၌ ကျက်စားခဲ့ပြီး ယခုအခါ ထိုဆင်ကြီးမျိုးမှ ဆင်းသက်လာသော အာဖရိကတိုက်ဆင်မျိုးနှင့် အာရှတိုက်ဆင်မျိုး နှစ်မျိုးကိုသာလျှင် တွေ့ရှိနိုင်တော့သည်ဖြစ်ပါ၏။ အာဖရိကဆင်မျိုးသည် အာဖရိကတိုက်အတွင်းဘက်ကျသော တောနက်ကြီးများ၌ ကျက်စားလေ့ရှိပါသည်။ အာရှတိုက်ဆင်မျိုးမှာမူ အိန္ဒိယဆင်မျိုးဟူ၍လည်း ခေါ်ကြပြီး ထိုဆင်မျိုးကို အိန္ဒိယနိုင်ငံ၌သာမဟုတ်ဘဲ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ သီဟိုဠ်ကျွန်း၊ ဆူမတြားကျွန်း၊ မာလာယုကျွန်းဆွယ် အရပ်တို့တွင်လည်း အနှံ့အပြားတည်ရှိနေကြပါသည်။

၁၉၉၄ ခုနှစ် စာရင်းများအရ အာရှတိုက်တွင် ဆင်ကောင်ရေ ၁၇၀၀၀ ခန့်ရှိကြောင်း၊ မြန်မာနှင့် အိန္ဒိယတွင် ၈၀ ရာခိုင်နှုန်းခန့်ရှိပြီး ကျန်ဆင်များမှာ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ နီပေါ၊ သီရိလင်္ကာ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအိုနှင့် တရုတ်(ယူနန်)တို့တွင်ရှိကြောင်း သိရှိရပါသည်။ သို့သော် မည်သည့်နိုင်ငံ၊ မည်သည့်နေရာ၊ မည်သည့်လူမျိုးထံကမှ ဆင်ဖြူတော်ပေါ်ထွက်သည့် သတင်းကြားသိခဲ့ရခြင်း မရှိပါ။

(ဆက်လက်ဖော်ပြပါမည်။)

ဆင်ဖြူတော်ဟူသည် နိုင်ငံတစ်နိုင်ငံ၊ ခေတ်တစ်ခေတ်၊ သမိုင်းတစ်ကွေ့တွင် ဖြစ်ထွန်းပေါ်ပေါက်ရန် ခဲယဉ်းလှသော ရတနာတစ်ပါးဖြစ်။ ဆင်ကောင်ရေ တစ်ထောင်တွင် ဆင်ဖြူတစ်ကောင် တွေ့ရခဲ။ ဖြူနေသောဆင်ဖြစ်ပင်ဖြစ်ငြားသော်လည်း ဆင်ဖြူတော်တို့၏ ကြန်အင်လက္ခဏာ ဂုဏ်အင်္ဂါများဖြင့်ပြည့်စုံမှသာ ဆင်ဖြူတော်ဟု သတ်မှတ်နိုင်သည့် ရတနာလည်းဖြစ်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို ပဲခူးမြို့နယ် ကမာနက်ကျေးရွာ၌ ကျင်းပသည့် ၂၀၁၀ခုနှစ် ပဲခူးတိုင်း မိုးစပါး ရေတော်မိုးတော်ထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ အခမ်းအနားတွင် ကောက်စိုက်စွမ်းရည်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို ၂၀၁၀ ခုနှစ် ပဲခူးတိုင်း မိုးစပါး ရေတော်မိုးတော်ထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၁၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်းနှင့်အတူ ဩဂုတ် ၉ ရက်တွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံရာ ရှေးဦးစွာ ပဲခူးမြို့နယ် ဥက္ကဋ္ဌက ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုက လိုအပ်သည်များမှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆုများချီးမြှင့်

ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် ဩဂုတ် ၁၀ ရက်တွင် ပဲခူးတိုင်း ပဲခူးမြို့နယ် ကမာနက်ကျေးရွာ စိုက်ပျိုးရေး မျိုးသန့်ခြံရှိ ယာယီမဏ္ဍပ်၌ ကျင်းပသည့် ၂၀၁၀ ခုနှစ် ပဲခူးတိုင်း မိုးစပါး ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက်စွမ်းရည် ပြိုင်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး ဆုများချီးမြှင့်သည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက အမှာစကား ပြောကြားရာ၌ နိုင်ငံတော်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် တာဝန်ရှိသူများနှင့် လယ်သမားများ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်းဖြင့် အကျယ်တဝင့် ပြောကြားသည်။

ထို့နောက် တိုင်းမှူးက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ကြည့်ရှုအားပေး

ယင်းနောက် ပဲခူးတိုင်း ၂၀၁၀-၂၀၁၁ ခုနှစ် ရေတော်မိုးတော်မိုးစပါး ကွင်းပိတ် အစီရင်ခံစာများကို တောင်ငူ၊ ပဲခူး၊ ပြည်နှင့် သာယာဝတီခရိုင်တို့မှ ခရိုင်ဥက္ကဋ္ဌများက တိုင်းမှူးထံပေးအပ်ကြပြီး ပြိုင်ပွဲဝင် ကောက်စိုက်လုံမေအသင်းများက ကောက်စိုက်စွမ်းရည်ပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကြရာ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကောက်စိုက်စွမ်းရည် ယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ဆက်လက်၍ ငါးလုပ်ငန်းဦးစီးဌာန ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ငါးမျိုးများကို စပါးခင်းများအတွင်း စိုက်ထည့်ပေးကြပြီး စိုက်ပျိုးရေးပညာပေးဆိုင်ရာ ပြခန်းများနှင့် စပါးပျိုးထောင်မှုသရုပ်ပြကွက်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက တိုင်းအဆင့် ကောက်စိုက်စွမ်းရည် ပြိုင်ပွဲ ယှဉ်ပြိုင်ဆုရ အသင်းများအား ဆုများကို ချီးမြှင့်ကြသည်။

ပထမဆု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက တိုင်းအဆင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးခရိုင်(က) အသင်းအား ဆုပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တာဝန်ရှိသူများက ဂုဏ်ပြုဆုရရှိသူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် အဖွဲ့ဝင်များသည် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ ပြိုင်ပွဲဝင် အသင်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြကာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံ

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် ပဲခူးတိုင်း သနပ်ပင်မြို့နယ် အားကစားခန်းမ၌ ဒေသဆိုင်ရာ အာဏာပိုင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌက ဒေသဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ သနပ်ပင်မြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးကုသမှုခံယူနေကြသော လူနာများအား ထောက်ပံ့ငွေများပေးအပ်ကာ ကဝမြို့နယ် အုန်းနဲ့စံပြကျေးရွာ တိုက်နယ်ဆေးရုံကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကဝမြို့နယ် အုန်းနဲ့စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိစစ်ဆေးပြီး ကဝမြို့နယ်ခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအားတွေ့ဆုံကာ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် အဖွဲ့ဝင်များသည် ပဲခူးမြစ်ကူးတံတား (ကဝ)သို့ ရောက်ရှိကြပြီး မြစ်ကြောင်းစီးဆင်းမှု အခြေအနေ၊ မြစ်ကမ်းပါးရေတိုက်စားမှုမှ ကာကွယ်ထိန်းသိမ်းထားမှုအခြေအနေနှင့် တံတားကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Tharaphee Laminate ကြမ်းခင်းပြားပြခန်း Yangon Expo 2010 ပြပွဲတွင် ပါဝင်ပြသ

ရန်ကုန် ဩဂုတ် ၁၂

Smart Business Group က ကြီးမှူး၍ Yangon Expo 2010 ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဩဂုတ် ၁၂ ရက်မှ ၁၅ ရက်အထိ ခင်းကျင်းပြသလျက်ရှိရာ Tharaphee Laminate ကြမ်းခင်းပြား ပြခန်းလည်း ပါဝင်ပြသလျက်ရှိသည်။

အဆိုပါပြခန်းတွင် ပါကေးအစားထိုး Laminate Floor ခင်းခြင်းဖြင့် ကုန်ကျစရိတ်သက်သာ၍ ရေရှည်အသုံးပြုနိုင်သည်။ Laminate Floor ခင်းခြင်းသည် အခြား Hard Wood Floor ခင်းခြင်းထက် ကုန်ကျစရိတ် သုံးပုံနှစ်ပုံသက်သာပြီး သေချာစွာ ထိန်းသိမ်းပါက နှစ်ပေါင်းများစွာ ခံနိုင်ရည်ရှိသည်။ ထို့အပြင် UV ဒဏ်ခံနိုင်၍ ခရမ်းလွန်ရောင်ခြည်ဒဏ်မှ ကာကွယ်ပေးပြီး နေရောင်ခြည်ကြောင့် Laminate Floor များ အရောင်လွင့်မသွားကြောင်း၊ တပ်ဆင်ရလွယ်ကူပြီး Laminate Floor ခင်းရာတွင် ကော်နှင့်သံမလိုကြောင်း သိရသည်။

ခံနိုင်ရည်ရှိမှုအတွက် နှစ်ရှည်အာမခံရရှိနိုင်ခြင်း၊ ပြုပြင်ရလွယ်ကူခြင်း၊ အစားထိုးလွယ်ကူခြင်း၊ သန့်ရှင်းရေးပြုလုပ်ရာတွင် လွယ်ကူခြင်း၊ ကျုံ့ကြွမှုမရှိခြင်း၊ အသံလုံခြင်း၊ မိမိကြိုက်နှစ်သက်ရာ Design ကို ရွေးချယ်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိနိုင်သည်။

8.3 mm နှင့် 12 mm Laminate Floor များကို (၁၅)နှစ်အာမခံဖြင့် ရောင်းချလျက်ရှိပြီး A Grade တစ်မျိုးတည်းကိုသာ တင်သွင်းဖြန့်ချိရောင်းချလျက်ရှိကြောင်း၊ ထို့အပြင် အချိန်ကုန်၊ ငွေအကုန်အကျသက်သာစေခြင်း၊ ကြိုက်နှစ်သက်ရာ Color ကို ရွေးချယ်ရောစပ်အသုံးပြုနိုင်ခြင်း၊ Polish တင်စရာမလိုခြင်း၊ မီးအပူဒဏ်ခံနိုင်ခြင်း၊ ခြမစားနိုင်ခြင်း၊ အစွန်းအထင်းဒဏ်ခံနိုင်ခြင်း၊ ပေါ့ပါးသေသပ်ခိုင်ခံ့ခြင်း၊ အသုံးပြုရလွယ်ကူခြင်း၊ ပြုပြင်အစားထိုးရလွယ်ကူခြင်းစသည့် အကျိုးကျေးဇူးများဖြင့် ပြည့်စုံသော Particl Board Kitchen Cabinets များကို ပွဲတော်ရက်အတွင်း အထူးဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ဆိုင်ခန်းအမှတ်(၃၄၅) သိပ္ပံနှင့်နည်းပညာဦးစီးဌာနဆိုင်ခန်း သစ္စာလမ်းမ ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၅၁၁၅၅၃၀၊၀၉-၅၀-၃၄၆၁၄ နှင့် ၇၃၀-၅၄၄၉၈ တို့သို့ ဆက်သွယ်မှာယူရရှိနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)



Yangon Expo 2010 **ကုန်စည်ပြပွဲ၌** Tharaphee Laminate **ကြမ်းခင်းပြား ပြခန်း ပြသထားစဉ်။**

(သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဩဂုတ် ၁၂

၁။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်အေးအား ယင်းဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊ နည်းပညာတက္ကသိုလ်(မှော်ဘီ) ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြု ခန့်ထားလိုက်သည်-

အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန
(က) ဦးရဲထွဋ်	ညွှန်ကြားရေးမှူးချုပ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပြန်ကြားရေးဝန်ကြီးဌာန
(ခ)ဦးခင်ကိုလေး	ညွှန်ကြားရေးမှူးချုပ် ငါးလုပ်ငန်းဦးစီးဌာန မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

၃။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲ ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့် ရာထူး၊ ဌာန
(က) ဒေါက်တာဇော်မင်းအောင် ဒုတိယပါမောက္ခချုပ် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာ ဦးစီးဌာန သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် စက်မှုနှင့်သက်မွေးပညာဦးစီးဌာန သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
(ခ) ဒေါက်တာမီမီသက်သွင် ဒုတိယပါမောက္ခချုပ် မန္တလေးကွန်ပျူတာတက္ကသိုလ် အဆင့်မြင့်သိပ္ပံနှင့်နည်းပညာ ဦးစီးဌာန သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန	ပါမောက္ခချုပ် မန္တလေးကွန်ပျူတာတက္ကသိုလ် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၃-၈-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၂၀ ၃။ အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိ -ကုသိုလ်ကောင်းမှုပေါင်းစုပြုရာပစ္စည်းလေးပါးဒကာ
၇း၂၅ ၄။ ဓမ္မပူဇာတေး
၇း၃၀ ၅။ မျိုးချစ်တပ်မတော်
၇း၃၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၄၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၄၀ ၃။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၄၅ ၄။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၅၀ ၅။ မဟာဂီတချိုကြည်မြ
၅း၀၀ ၆။ မျိုးချစ်တပ်မတော်
၅း၀၅ ၇။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၅း၁၅ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -ရေထဲမှသက်ရှိတို့၏ဘဝ (အပိုင်း-၁)
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၃၀ ၁၄။ "ရွာ"ဟာသဇာတ်လမ်းတွဲ
၆း၅၀ ၁၅။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -ရင်နှစ်သည်းချာ (အပိုင်း-၅၇)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ ရှင်သန်နေသော သီချင်းများ
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -ပဥ္စလက်ပုံရိပ် (အပိုင်း-၄)**
၂၄။ ကျန်းမာခြင်းရဲ့လျှို့ဝှက်ချက်
၂၅။ သင့်အတွက်မနက်ဖြန်
၂၆။ အပိတ်နှုတ်ဆက်စကား
၂၇။ ပြီးပါပြီ။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် မွန်ပြည်နယ်၏ ပညာရည်ချွန်ဆုချီးမြှင့်ပွဲ တက်ရောက်

နေပြည်တော် ဩဂုတ် ၁၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၉ ရက်တွင် မော်လမြိုင်မြို့ မြို့တော်ခန်းမ၌ကျင်းပသည့် မွန်ပြည်နယ်၏ ၂၀၁၀ ခုနှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမ

အမှာစကားပြောကြား

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော် မော်လမြိုင်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် မွန်ပြည်နယ်၏ ၂၀၁၀ ခုနှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်က မြန်မာတစ်နိုင်ငံလုံးတွင် အောင်ချက်ပထမရရှိသော မွန်ပြည်နယ်နှင့် ခြောက်ဘာသာဂုဏ်ထူးရှင်တို့အားလည်းကောင်း၊ တာဝန်ရှိသူတို့က ဆုရရှိသူ အသီးသီးတို့အားလည်းကောင်း ဂုဏ်ပြုဆုငွေနှင့် ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်ကြရာ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် ထူးချွန်ဆုရကျောင်းသား၊ ကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများနှင့် မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယင်းတို့၏ ပါတီဝင်အင်အားစာရင်းများ လာရောက်တင်ပြ

နေပြည်တော် ဩဂုတ် ၁၂

နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၃(က)နှင့်အညီ ယင်းတို့စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်းများကို မှတ်ပုံတင်ခွင့်ရရှိသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရန်ရှိရာ ယနေ့တွင် **ချင်းအမျိုးသားပါတီ (Chin National Party)**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်း လာရောက်တင်ပြခဲ့သည်။

ယနေ့အထိ ကော်မရှင်က မှတ်ပုံတင်ခွင့်ပြုပြီးသည့် ပါတီ(၄၀)ရှိရာတွင် သတ်မှတ်ရက်အတွင်း ပါတီဝင်အင်အားစာရင်း တင်ပြပြီးသည့်ပါတီမှာ (၁၄)ပါတီ ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဩဂုတ် ၁၂ ရက်က (၇၈)ကြိမ်မြောက် ထိုင်းဘုရင့်မိဖုရားကြီး၏ မွေးနေ့အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာသော ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr.Apirath Vienravi ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၁၂

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို ယနေ့ညနေ ၄ နာရီတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပသည်။

နေပြည်တော်အားကစားပြိုင်ကွင်း အုပ်စု(ခ)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန - ငါးဂိုး
(မျိုးမင်းထွန်းနှင့်ခိုင်ထူး နှစ်ဂိုးစီ၊ သက်မှူးကိုကို တစ်ဂိုး)
သတ္တုတွင်းဝန်ကြီးဌာန - တစ်ဂိုး
(သီဟမင်းထွန်း)
(ဒိုင်) ဦးအောင်သိန်း
(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

ပေါင်းလောင်းအားကစားပြိုင်ကွင်း အုပ်စု(ခခ)

အလုပ်သမားဝန်ကြီးဌာန - တစ်ဂိုး
(ကျော်သူရ)
ရထားပို့ဆောင်ရေး ဝန်ကြီးဌာန - ဂိုးမရှိ
(ဒိုင်)ဦးသီဟကျော်
(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

ဩဂုတ် ၁၃ ရက် ပွဲစဉ်များအဖြစ် နေပြည်တော် အားကစားပြိုင်ကွင်း၌ (ဂဂ)အုပ်စုမှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်းနှင့် သမဝါယမ ဝန်ကြီးဌာနအသင်း၊ နေပြည်တော် ပေါင်းလောင်း အားကစားပြိုင်ကွင်း၌ (ဂဂ)အုပ်စုမှ အားကစားဝန်ကြီးဌာန အသင်းနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၇)

Yangon Expo 2010 ပြပွဲတွင် SAMSUNG (AA Electronics Ltd.) က နည်းပညာမြင့် အီလက်ထရွန်နစ်ပစ္စည်းများ ပါဝင်ပြသ

ရန်ကုန် ဩဂုတ် ၁၂

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဩဂုတ် ၁၂ ရက်မှ ၁၅ ရက်အထိ Yangon Expo 2010 ကုန်စည်ပြပွဲကို (၇)ကြိမ်မြောက် ခင်းကျင်းပြသလျက်ရှိရာ SAMSUNG (AA Electronics Ltd.) မှ ကမ္ဘာပေါ်တွင် နံပါတ်(၁)စီးပွားရေးဈေးကွက် ရှယ်ယာအများဆုံး ရရှိထားသော နည်းပညာမြင့်မားသည့် SAMSUNG အီလက်ထရွန်နစ်ပစ္စည်းများ၊ ရုပ်ထွက်ကြည်လင်ပြတ်သားပြီး လျင်မြန်စွာလှုပ်ရှားနေသော ပုံရိပ်များကို ထစ်ငေါ့ခြင်းမရှိသည့် LED, LCD, Plasma TV များ၊ Slim Fit TV များ၊ DVD Player များ၊ နောက်ဆုံးပေါ် Digital Camera အမျိုးမျိုး၊ Air Conditioner, Refrigerater, Washing Machine များကို ခင်းကျင်းပြသ ရောင်းချပေးလျက်ရှိသည်။

SAMSUNG လေအေးပေးစက်များတွင် Silver Nano လေစစ်ဆန်ခါများက ဘက်တီးရီးယားကို ၉၉ ရာခိုင်နှုန်းအထိ သုတ်သင်ဖယ်ရှားပေးခြင်း၊ ပတ်ဝန်းကျင်ကိုလည်း သန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေးနှင့် သင့်လျော်သော အေးမြသည့်လေများ ထုတ်လွှင့်ပေးခြင်း၊ မီးပျက်ပြီး မီးပြန်လာလျှင်လည်း အလိုအလျောက်လုပ်ဆောင်ပေးသော စနစ်ပါဝင်ခြင်းနှင့် လေအေးပေးစက်အသုံးပြုနေစဉ် မီးအားအတက်အကျ ဖြစ်သွားလျှင်လည်း အလိုအလျောက် ထိန်းချုပ်ပေးသော စနစ် (Voltage Protecter) ကြောင့် Volt အား ၁၅၀ မှ ၄၀၀ အတွင်း အအေးအား ပြတ်တောက်သွားခြင်းမရှိဘဲ သုံးစွဲနိုင်သော နည်းပညာများ ပါဝင်သည်။

SAMSUNG (အဝတ်လျှော်စက်) များတွင် အဆင့်မြင့် နောက်ဆုံးပေါ်နည်းပညာသုံး Diamond Drum ကြောင့် အဝတ်နှင့်ချည်စ၊ ပိတ်စများကို မပျက်စီးစေခြင်း၊ အဝတ်အစားများကို လက်ဖြင့်လျှော်သကဲ့သို့ ချေးပြောင်စင်ခြင်းနှင့် Air Turbo Drying System ပါရှိသည့်အတွက် အဝတ်များကို လျင်မြန်စွာ ခြောက်သွေ့စေပြီး အချိန်ကုန် သက်သာစေသည်။

Slim Fit TV (ရုပ်မြင်သံကြားဖမ်းစက်) များသည်လည်း ရုပ်ထွက်ကြည်လင်ပြတ်သားပြီး အသံပိုင်း Design၊နည်းပညာပိုင်းများတွင်ပိုမိုကောင်းမွန်ခြင်းကြောင့် ဈေးကွက်တွင်လည်း ရောင်းအားကောင်းလျက်ရှိသည်။

SAMSUNG အီလက်ထရွန်နစ်ပစ္စည်းများအား AA Electronics Ltd. က မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းဖြန့်ချိပေးပြီး ၎င်းပစ္စည်းများကို ရန်ကုန်မြို့ အမှတ် (၄၀၈/ ၄၁၀) မဟာဗန္ဓုလလမ်းအမှတ် (၁၄၆/၁၅၂) ပန်းဆိုးတန်းလမ်း အမှတ်(၃၁၇) မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊ မန္တလေးမြို့ အမှတ် (၅၈) ၈၄လမ်း ၂၅ လမ်း×၂၆လမ်းကြားနှင့် နေပြည်တော် အမှတ်(၁၀/၆၁)(က) ဗိုလ်တာရာလမ်း အရောင်းပြခန်းများတွင် ဝယ်ယူရရှိနိုင်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

Yangon Expo 2010 ကုန်စည်ပြပွဲ၌ SAMSUNG (AA Electronics Ltd.) က နည်းပညာမြင့် အီလက်ထရွန်နစ် ပစ္စည်းများ ပါဝင်ပြသစဉ်။

(သတင်းစဉ်)

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ စွမ်းရည်မြှင့်တင်ရေးသင်တန်း တာချီလိတ်၌ဖွင့်

တာချီလိတ် ဩဂုတ် ၁၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) လူမှုဝန်ထမ်းဦးစီးဌာန တာချီလိတ်ခရိုင် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး(အထူး)အဖွဲ့နှင့် ဝေါ်ဗီွးရှင်းမြန်မာ(တာချီလိတ်)တို့ ပူးပေါင်းဖွင့်လှစ်သည့် ကလေးသူငယ် အခွင့်အရေးများနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စွမ်းရည်မြှင့်တင်ရေးသင်တန်း ဖွင့်ပွဲကို ဇူလိုင် ၂၈ ရက်က အောင်မြတ်ခန်းမ၌ ကျင်းပသည်။ ခရိုင်ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ခရိုင်ဥက္ကဋ္ဌ ဦးကျော်စွာထွန်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ ဒုတိယဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်ထွေးက ကလေးသူငယ်ကာကွယ် စောင့်ရှောက်ရေးနှင့် ပတ်သက်ပြီး နိုင်ငံတော်၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းသို့ ခရိုင်မြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဝင်များ၊ ဌာနဆိုင်ရာများမှ သင်တန်းသား၊ သင်တန်းသူ ၃၅ ဦး တက်ရောက်ကြပြီး သင်တန်းကို ဇူလိုင် ၂၈ ရက်မှ ၂၉ ရက်အထိ ပို့ချခဲ့ကြောင်းသိရသည်။

(ခရိုင်ပြန်/ဆက်)

နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၂

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့ တည်ထောင်လိုသော ပါတီ၏အမည်ကို ဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ **ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ**က ဩဂုတ် ၁၁ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီတည်ထောင်ခွင့် လျှောက်ထားခဲ့ပြီး ယင်း၏ လျှောက်ထားချက်သည် ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း တွေ့ရှိရသဖြင့် ကော်မရှင်က ဩဂုတ် ၁၂ ရက်တွင် နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုခဲ့သည်။

ယင်းသို့ နိုင်ငံရေးပါတီ တည်ထောင်ခွင့်ရရှိပြီးသော **ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ**က ၂၀၁၀ ပြည့်နှစ် ဩဂုတ် ၁၂ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်လျှောက်ထားသည်။

ယနေ့အထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့်လျှောက်ထားသည့် အဖွဲ့(၄၇)ဖွဲ့ရှိပြီး နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့် လျှောက်ထားသည့် ပါတီ(၄၁)ပါတီရှိရာတွင် ပါတီ(၄၀)ကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၈-၂၀၁၀ (သောကြာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ အာဋ္ဌာနာဋိယသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ "ဝိပဿနာလုပ်ငန်းစဉ်" တရားတော် (ဆရာတော်အရှင်အဂ္ဂသာရ)
- ၆း၅၀ ထင်ရှားဖူးမြော်ပင်းတယရွှေဥမင် သဘာဝလိုဏ်ဂူတော်
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၇၆)**
- ၈း၄၀ Hip Hop Acoustics Live Show (Part-2)
- ၉း၂၅ IBTC (Group) မှကျောင်းဆောင်သစ်ပေးအပ်လှူဒါန်းပွဲ (ပုသိမ်မြို့)
- ၉း၄၀ Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ နှင်းဆီ) (အပိုင်း-၁)
- ၁၀း၂၅ Activities In the City - မသန်စွမ်းသူများဘဝမြှင့်တင်ရေးအဖွဲ့၏(၆)နှစ်မြောက်နှစ်ပတ်လည် အခမ်းအနား
- ၁၀း၄၀ HIV/AIDS ရောဂါကာကွယ်တိုက်ဖျက်ရေး (အပိုင်း-၂) (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာဝင်းမောင်၊ ဒေါက်တာခင်ဥမ္မာစံ၊ ဒေါက်တာတင်အောင်စော၊ ဒေါက်တာလှမြင့်)
- ၁၁း၀၅ စေတနာအစွမ်းဖြင့် လင်းကြစေသော်
- ၁၁း၂၀ အနာဂတ်ရဲ့အလင်းရောင်
- ၁၁း၄၅ VJ Choice
- ၁၂း၁၀ စက်မှုဇုန်မှာ ကျွန်မ စက်ရုံလာတည်တော့မယ် (ဖြိုးငွေစိုး၊ သဇင်၊ မိုးဒီ၊ ခင်မို့မို့အေး) [ဒါရိုက်တာ-တင်အောင်ရွှေ(သုတေသီ)]
- ၁၂း၂၀ သီးနှံစိုက်ပျိုးအထွက်တိုး "စပါးပန်းတိုင်အထွက်နှုန်း"
- ၁၂း၃၀ သာသနာအလင်းဆောင်မည် ဓမ္မရောင်ခြည်
- ၁း၀၀ "ဝိပဿနာလုပ်ငန်းစဉ်" တရားတော် (ဆရာတော်အရှင်အဂ္ဂသာရ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင် တိမ်ညွန့်နှင့် တွေ့ဆုံခြင်း)(အပိုင်း-၂)
- ၃း၁၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၇၆)**
- ၄း၁၀ မူဟန်ကိုယ်စီတေးကိုသီ
- ၄း၂၅ IBTC (Group) မှကျောင်းဆောင်သစ်ပေးအပ်လှူဒါန်းပွဲ (ပုသိမ်မြို့)
- ၄း၄၀ သမဝါယမကောလိပ်(ဖောင်ကြီး) မြတ်ဆရာကန်တော့ပွဲ
- ၅း၀၅ HIV/AIDS ရောဂါကာကွယ်တိုက်ဖျက်ရေး (အပိုင်း-၂)
- ၅း၃၀ MNL Preview
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Hip Hop Acoustics Live Show (Part-3)
- ၇း၀၅ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာကောင်းမြတ် Evening Gown Collection)
- ၇း၂၅ FMF Selection
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ World of Knowledge (SAMURAI BOW)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၇၆)**
- ၁၀း၀၀ စေတနာအစွမ်းဖြင့် လင်းကြစေသော်
- ၁၀း၁၅ Activities In the City - မသန်စွမ်းသူများဘဝမြှင့်တင်ရေးအဖွဲ့၏(၆)နှစ်မြောက်နှစ်ပတ်လည် အခမ်းအနား
- ၁၀း၂၅ Sports World
- ၁၀း၅၀ VJ Choice
- ၁၁း၁၅ သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင် တိမ်ညွန့်နှင့် တွေ့ဆုံခြင်း)(အပိုင်း-၂)
- ၁၁း၄၀ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာကောင်းမြတ် Evening Gown Collection)
- ၁၂း၀၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၂း၁၅ လှပတင့်တယ်ကယားရိုးရာ ရက်ကန်းအထည်
- ၁၂း၂၅ ကွင်းမြေစမ်းသပ်ခြင်းနှင့် မြေနမူနာရယူခြင်းလုပ်ငန်း
- ၁၂း၃၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ထိုင်းနိုင်ငံ ဗန်ကောက် ကုန်စည်ပြပွဲသို့ မြန်မာအဖွဲ့ သွားရောက်ခဲ့စဉ်။

သရက်အစုအဖွဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် တိုက်ရိုက်ဆက်သွယ်ဝယ်ယူသော တရုတ်နိုင်ငံ ကွမ်ကျိုးမှ ကုန်သည်များ DAS Co., Ltd. သရက်ခြံအတွင်း လာရောက်ကြည့်ရှုလေ့လာကြစဉ်။

❍ ရွှေဖုံးမှ

ပန်းမန်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းနှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ကုမ္ပဏီလုပ်ငန်းရှင်များ၊ ခြံစိုက်ပျိုး ထုတ်လုပ်သူများနှင့် တောင်သူလယ်သမားများ၏ ပူးပေါင်းကြိုးပမ်း ဆောင်ရွက်မှုများကြောင့် တစ်နှစ်ထက်တစ်နှစ် ထုတ်လုပ်တင်ပို့ရောင်းချမှုများ တိုးတက်လာသည်ကိုလည်းတွေ့ရှိရပါသည်။ သက်ဆိုင်ရာဌာနစာရင်းများအရ သရက်သီးတင်ပို့မှုသည် ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် ၁၁ ဒသမ ၉၃၅ ဒေါ်လာသန်းဖိုး တင်ပို့ခဲ့ပြီး ယခုနှစ် ဇူလိုင်လထိ ကာလအတွင်းမှာပင် ၁၀ ဒသမ ၇၂၈ ဒေါ်လာသန်းထိ တင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါသည်။

ယခုနှစ်တွင် သီးကင်းစအချိန် လေပြင်းဒဏ်နှင့် ရင့်မှည့်ချိန်နီးကပ်သည့်အချိန် လွန်ကဲသည့် အပူရှိန်တို့ကြောင့် တင်ပို့နိုင်သည့် အရေအတွက်ပမာဏ အနည်းငယ်လျော့ခဲ့သော်လည်း သရက်သီးများအား အိတ်စွပ်တင်ပို့နိုင်မှုကြောင့် အရောင်အသွေးနှင့် အရည်အသွေးကောင်း သရက်သီးများ ဈေးကောင်းရခဲ့သည်ဟု သိရှိရပါသည်။

သရက်သီးအစုအဖွဲ့များကို စုဖွဲ့လျက် သရက်သီးဇုန်များကို ကျောက်ဆည်၊ စဉ့်ကိုင်၊ တံတားဦး၊ ပုသိမ်ကြီး၊ ထုံးဘိုဇုန်များသာမက ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် ရပ်စောက်ဇုန်၊ တောင်ကြီးဇုန်၊ ညောင်ရွှေဇုန်၊ ဆီဆိုင်ဇုန်၊ ဟိုပုံးဇုန်များကပါ တစ်အုပ်တစ်မစီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်လာသည့်အပြင် စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တို့၌ ဇုန်များ တိုးချဲ့ဖွဲ့စည်းသွားရန် ရှိကြောင်းလည်း သိရှိရပါသည်။

ပြည်တွင်းသာမက နိုင်ငံတကာဈေးကွက်တွင် ဈေးကွက်ဝင်ရောက်ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်လာရေး၌ သရက်သီးစိုက်ပျိုးထုတ်လုပ်မှု အရည်အသွေးသည် အဓိကကျသဖြင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းသည် အသင်း၊ အစုအဖွဲ့များနှင့် ညှိနှိုင်း၍ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၏ အကူအညီဖြင့် မှန်ကန်သောလယ်ယာစိုက်ပျိုးမှုကျင့်စဉ် (GAP)၊ ဘက်စုံပိုးမွှားကာကွယ်ရေး (IPM)၊ မှန်ကန်သော ထုတ်လုပ်မှုကျင့်စဉ် (GMP) စံနှုန်းများဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆွေးနွေးပွဲများ၊ သင်တန်းများကို သရက်သီးထွက်ရှိရာဒေသများ၌ ကွင်းဆင်းဆောင်ရွက်ပေးကြောင်း သိရှိရပါသည်။ အလားတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးမှလည်း အသင်းနှင့် နယ်မြေဒေသအလိုက် အစုအဖွဲ့များနှင့် ပူးပေါင်း ညှိနှိုင်း၍ရိတ်သိမ်းချိန်လွန်နည်းပညာ၊ ထုပ်ပိုးမှု၊ သယ်ယူပို့ဆောင်မှု၊ ဈေးကွက်ဖွံ့ဖြိုးရေးနှင့် ကုန်စည်ဒိုင်များ အရောင်းအဝယ်မှန်ကန်ရေး၊ နိုင်ငံတကာဈေးကွက် တိုက်ရိုက်ချိတ်ဆက်နိုင်ရေး ဆွေးနွေးပွဲများ၊ ကုန်စည်ပြပွဲ စေလွှတ်မှုများ၊ ဆွေးနွေးပွဲများ၊ ကွင်းဆင်းပညာပေးမှုများ အဆက်မပြတ်ပြုလုပ်နေကြောင်း တွေ့ရှိရသည့်အတွက် ရှေးယခင်ထုတ်လုပ်တင်ပို့မှုနှင့် ယခုအခါ ပြောင်းလဲတိုးတက်လာပုံကို အောက်ပါအတိုင်း တွေ့မြင်ရသည်-

သရက်သီးမှ တန်ဖိုးမြှင့်ထုတ်ကုန် (Value Added) ထုတ်လုပ်ရေး ဆောင်ရွက်ရန် လိုအပ်ပါသည်။ သရက်သီးအကောင်းများကို ပြည်ပတင်ပို့ပြီး ပိုလျှံသောသရက်သီးများကို တန်ဖိုးမြှင့်ထုတ်ကုန် (Value Added) အဖြစ် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ မန္တလေးတိုင်း၊ ဟန်မြင့်မိုရ်ကျေးရွာတစ်ခုတည်းတွင် နှစ်စဉ် သရက်ပင်ပေါက် နှစ်သိန်းမှ ငါးသိန်းအထိ ထုတ်လုပ်ရောင်းချလျက်ရှိပါသည်။ နှစ်စဉ်သရက်ပင်များ တိုးချဲ့စိုက်ပျိုးမှုကြောင့် လေးငါးနှစ်အတွင်း ထုတ်လုပ်မှုအပိုင်းတွင် သုံးလေးဆအထိ တိုးတက်လာနိုင်ပြီး ကုန်ကြမ်းအတိုင်း ရောင်းချပါက ဈေးကွက်ရရှိရေး အခက်အခဲရှိမည်ဖြစ်ပါသည်။

နိုင်ငံတော်အကြီးအကဲက စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် Industrialization ပြုလုပ်ရန်လမ်းညွှန် ထားခြင်းနှင့်အညီ တန်ဖိုးမြှင့်ထုတ်ကုန်များကို စားသောက်ကုန်ထုတ်စက်ရုံများအဖြစ် မဖြစ်မနေဆောင်ရွက် သွားရမည်ဖြစ်ပါသည်။ စဉ့်ကိုင်မြို့နယ်ရှိ သရက်ခြံပိုင်ရှင်အချို့ကလည်း ယခုကတည်းက သရက်သီးအား တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်၍ ပြည်တွင်းဈေးကွက်တွင် ဖြန့်ဖြူးနေပြီဖြစ်ကြောင်း သိရပါသည်။

ဖရဲသီးကို မြန်မာနိုင်ငံအချို့ဒေသများတွင် အဓိကသီးနှံများ ကြားကာလတွင် စိုက်ပျိုးသကဲ့သို့ အချို့ဒေသများမှာ အဓိကသီးနှံအဖြစ် စိုက်ပျိုးသည်များလည်းရှိပါသည်။ ဈေးကွက်လိုအပ်ချက်အရ အစေ့မဲ့ဖရဲသီးကိုပါ ထုတ်လုပ်လာကြပြီး ဖရဲသီးထုတ်လုပ်မှုမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုထုတ်လုပ်လာနိုင်ကြောင်း တွေ့ရပါသည်။ သက်ဆိုင်ရာဌာနစာရင်းအရ ဖရဲသီး ပြည်ပတင်ပို့မှုသည် ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၁၂ ဒသမ ၇၀၆ သန်း၊ ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၁၉ ဒသမ ၁၀၁သန်း၊ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၁၅ ဒသမ ၃၃၉ သန်း အသီးသီး တင်ပို့ခဲ့ကြောင်း သိရပါသည်။ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် တန်ချိန်အားဖြင့် တိုးတက်တင်ပို့နိုင်သော်လည်း တစ်ဖက်နိုင်ငံ ဈေးကွက်အခြေအနေအရ ဈေးနှုန်းကျဆင်းသဖြင့် တန်ဖိုးလျော့နည်းသွားခြင်းဖြစ်ပါသည်။ ဖရဲသီးကို ထွက်ရှိရာ ဒေသအလိုက် အရည်အသွေးကိုမူတည်ပြီး ဈေးကောင်းပေးကြရာ ယခုနှစ်တွင် ကလေးဒေသမှ ထွက်သော ဖရဲသီးကို နေပြည်တော် တပ်ကုန်းဒေသမှ ထွက်သော ဖရဲသီးထက် ဈေးကွက်မှ ပိုမိုကြိုက်နှစ်သက်ကြောင်း သိရပါသည်။

သခွားမွှေးကို ပြည်ပတင်ပို့ရာတွင် နယ်စပ်ဒေသမှ တင်ပို့ခြင်းမှာ အများဆုံးဖြစ်ပြီး နှစ်စဉ်ပုံမှန်ကုန်သွယ်ရေးစနစ်ဖြင့် အချို့နှစ်များတွင် တင်ပို့နိုင်ကြောင်း တွေ့ရပါသည်။ ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၅ ဒသမ ၃၄၀ သန်း တင်ပို့နိုင်ပြီး ၂၀၀၈-၂၀၀၉ ဘဏ္ဍာ နှစ်တွင် ဒေါ်လာ ၅ ဒသမ ၉၂၅ သန်း၊ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၄ ဒသမ ၂၅၀ သန်း အသီးသီး တင်ပို့နိုင်ခဲ့ပါသည်။ သခွားမွှေးကို အရည်အသွေး ကောင်းမွန်အောင် ထုတ်လုပ်ပြီး ပုံမှန်ကုန်သွယ်မှုစနစ်ဖြင့် လေကြောင်းမှ စင်ကာပူနိုင်ငံသို့ တင်ပို့ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။

ဆီးစိုက်ပျိုးမှုမှ ထွက်ကုန်များ အနေဖြင့် ဆီးသီး၊ ဆီးဆန်၊ ဆီးသီးခြောက်များ တင်ပို့ရာတွင် အများဆုံးတင်ပို့မှုမှာ ဆီးသီးခြောက်ဖြစ်ပါသည်။ ဆီးသီးခြောက်တင်ပို့မှုသည် ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၆ ဒသမ ၄၅၀ သန်း၊ ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၆ ဒသမ ၄၀၀ သန်း၊ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၂ ဒသမ ၆၆၀ သန်း အသီးသီး တင်ပို့ခဲ့ပါသည်။ ဆီးသီးဆန်တင်ပို့မှုတွင်လည်း ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၂ ဒသမ ၈၄၀ သန်း၊ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၃ ဒသမ ၉၇၀ သန်း အသီးသီး တင်ပို့နိုင်ခဲ့ကြောင်း သိရပါသည်။ ဆီးသီးအစိုတင်ပို့မှုအနေဖြင့် ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်တွင် ဒေါ်လာ သုည ဒသမ ၂၈၃ သန်း၊ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် ဒေါ်လာ သုည ဒသမ ၅၇၉ သန်း အသီးသီး တင်ပို့နိုင်ခဲ့ကြောင်း သိရပါသည်။ ဆီးသီးကို ဆီးယိုထုပ်အဖြစ် (Value Added) ပြုလုပ်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့လျှက်ရှိရာ ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်တွင် ဒေါ်လာ သုည ဒသမ ၂၃၅ သန်း၊ ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်တွင် ဒေါ်လာ သုည ဒသမ ၂၄၇ သန်း၊ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် ဒေါ်လာ သုည ဒသမ ၂၃၄ သန်း အသီးသီး တင်ပို့ခဲ့ကြောင်း သိရပါသည်။

မြန်မာနိုင်ငံသစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်စိုက်ပျိုးထုတ်လုပ်သူများအသင်း၏ စီမံဆောင်ရွက်မှုအရ ၂၀၀၉ ခုနှစ်၊ ဩဂုတ်လတွင် ပန်းမန်အစုအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ပန်းစိုက်ပျိုးထွက်ရှိမှုများသည့်အပြင် ဈေးကွက်လည်းရှိသောဒေသများတွင် ပန်းဇုန်များဖွဲ့စည်းထူထောင်ခဲ့ရာ ၂၀၀၉ ခုနှစ်တွင် ပြင်ဦးလွင်ပန်းဇုန်၊ လားရှိုးပန်းဇုန်နှင့် မန္တလေးပန်းဇုန်များကိုလည်းကောင်း၊ ၂၀၁၀ ခုနှစ်တွင် ကလောပန်းဇုန်နှင့် ပြည်ပန်းဇုန်တို့ကိုလည်းကောင်း ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ပန်းမန်အစုအဖွဲ့၏ ကြိုးပန်းဆောင်ရွက်မှုအရ စင်္ကာပူနိုင်ငံသို့ လေကြောင်းမှ ပန်းများတင်ပို့ခဲ့ရာ ယခုနှစ် ဇူလိုင်မှ ဩဂုတ်လဆန်းပိုင်းအထိ သုံးကြိမ် တင်ပို့နိုင်ခဲ့ပါသည်။ ဩဂုတ်လလယ်ခန့်တွင် စတုတ္ထအကြိမ်မြောက် စင်ကာပူနိုင်ငံသို့ လေကြောင်းမှ ထပ်မံတင်ပို့သွားမည်ဟု သိရပါသည်။

အခြားသီးနှံများဖြစ်သည့် ထော[ပတ်]ပတ်သီး၊ အာလူး၊ ဂေါ်ဖီထုပ်များကို လည်း တိုးချဲ့ထုတ်လုပ်တင်ပို့ရန် ကြိုးပမ်းနေကြောင်း အသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၏ ပြောပြချက်အရ သိရှိရပါသည်။ အရည်အသွေးမှန်၊ ဈေးမှန်၊ အရောင်းအဝယ် မှန်ကန်ခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများက စိုက်ပျိုးမှုနည်းပညာများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာများနှင့် ပိုးမွှားကင်းစင်ရေးနည်းပညာများဖြင့် အရည်အသွေးမြင့်မားအောင် စိုက်ပျိုးထုတ်လုပ်ရန် လိုအပ်သကဲ့သို့ ကုန်သည်ပွဲစား၊ ပြည်ပတင်ပို့သူများက မိမိတို့ ကိုယ်ကျိုးတစ်ခုတည်းသာ ကြည့်၍ ဈေးနှိမ်ခြင်းမပြုဘဲ အသင်း၊ ကုန်စည်ဒိုင်တို့က ဈေးမှန်၊ အရောင်းအဝယ် မှန်ကန်ရေး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်သူနယ်မြေခံ တောင်သူလယ်သမားများ တစ်ဦးချင်းသာမက နိုင်ငံဝင်ငွေ တိုးတက်ရေးအတွက်ပါ အကျိုးဖြစ်ထွန်းစေသဖြင့် ၂၀၁၀ ခုနှစ် ဩဂုတ်လ ၁၀ ရက်နေ့က ကျင်းပသော သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲတွင် စိုက်ပျိုးထုတ်လုပ်သူများ၊ ကုန်သည်ပွဲစားများ၊ ပြည်ပတင်ပို့သူများအား အသင်းက ဦးဆောင်၍ ရင်းရင်းနှီးနှီး ဆွေးနွေးညှိနှိုင်းခဲ့ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

တရုတ်နိုင်ငံ ကူမင်းကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံ ပါဝင်ပြသခဲ့စဉ်။

အမှတ်(၁) စက်မှုဝန်ကြီးဌာန ကွန်ပျူတာအခြေခံသင်တန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းများ ဆင်းပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၂

အမှတ်(၁)စက်မှုဝန်ကြီးဌာန ရုံးသုံးကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ်(၃/၂၀၁၀)နှင့် ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲမှု သင်တန်း အမှတ်စဉ် (၁/၂၀၁၀) သင်တန်းများဆင်းပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက သင်တန်းဆင်း အမှာစကားပြောကြားရာ၌ သင်တန်းများမှရရှိသည့် အခြေခံပညာရပ်၊ ပြင်ပမှ စာအုပ်စာတမ်းများနှင့် လက်တွေ့လုပ်ငန်းမှရရှိမည့်အတွေ့အကြုံများ ပေါင်းစပ်ပြီး လုပ်ငန်းကျွမ်းကျင်သူများဖြစ်လာအောင် မိမိကိုယ်တိုင် ဆက်လက်ပြုစုပျိုးထောင်သွားကြရန် လိုအပ်ကြောင်း၊ စက်ရုံ၊ အလုပ်ရုံများတွင် အကျိုးရှိရှိ ထိထိမိမိ အသုံးချနိုင်ကြမည်ဟု ယုံကြည်ကြောင်းနှင့် မိမိဌာနအကျိုး၊ နိုင်ငံတော်အကျိုးကို စေတနာအပြည့်နှင့် ကြိုးကြိုးစားစား သယ်ပိုးဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် သင်တန်းများတွင် ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ရာ ဝန်ကြီးက ရုံးသုံးကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ် (၃/၂၀၁၀) တွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား ဆုများကိုပေးအပ်ချီးမြှင့်ပြီး သင်တန်းသားခေါင်းဆောင်တစ်ဦးအား သင်တန်းဆင်း အောင်လက်မှတ်များကို လည်းကောင်း၊ ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ် (၁/၂၀၁၀) ၌ သင်တန်းထူးချွန်ပထမ၊ဒုတိယနှင့်တတိယဆုရရှိကြသူများအားဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းသား ခေါင်းဆောင်တစ်ဦးအားသင်တန်းဆင်း အောင်လက်မှတ်များကို လည်းကောင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အလယ်အလတ်အဆင့် အရာထမ်း စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၁၄)သင်တန်း၌ သင်တန်းသား ဒုတိယဆုရရှိသူအား ဆုများကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းဆင်းပွဲအခမ်းအနားသို့ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် အထွေထွေမန်နေဂျာများ၊ တာဝန်ရှိသူများနှင့် သင်တန်းသားသင်တန်းသူ စုစုပေါင်း၆၇ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ်ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင်မောင်မြင့် လက်သမား၊ ပန်းရန်၊ သံချည်သံကွေးသင်တန်း၊ စက်ပြင်သင်တန်းနှင့်လျှပ်စစ်ဂဟေသင်တန်း အမှတ်စဉ် (၈/၂၀၁၀) ဖွင့်ပွဲတွင် လက်တွေ့ပို့ချနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

EDIsecure® Card Printer များနှင့် ဆက်စပ်ပစ္စည်းများ မိတ်ဆက်ရှင်းလင်း

ရန်ကုန် ဩဂုတ် ၁၂

Digital Indentification System Trading Co., Ltd. ၏ EDIsecure® Card Printer များနှင့် ဆက်စပ်ပစ္စည်းများလက်တွေ့သရုပ်ပြ မိတ်ဆက်ရှင်းလင်းပွဲ အခမ်းအနားကို ဩဂုတ် ၁၀ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ Sakura Tower 20th Floor ၌ ကျင်းပသည်။

ရှေးဦးစွာ D.I.S ၏ Business Development Manager Mr.Joe Lo က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားသည်။

ထို့နောက်D.I.S Trading Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးကြည်မင်းက နိုင်ငံတကာ၌ EDIsecure® Card များကို နေရာအနှံ့တွင်ကျယ်စွာအသုံးပြုနေပုံများ၊ Printer စက်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်မှုများကို လက်တွေ့ သရုပ်ပြ မိတ်ဆက် ရှင်းလင်းပြီး စာနယ်ဇင်းပုဂ္ဂိုလ်များ၏ မေးမြန်းသည်များကို ရှင်းလင်းဖြေကြားသည်။ **(ယာပုံ)**

အဆိုပါ EDIsecure® Card Printer စက်များသည် နိုင်ငံတကာ အသီးသီးရှိ လေဆိပ်များ၊ ဟိုတယ်များ၊ တက္ကသိုလ်များ၊ ကုမ္ပဏီများ၊ ဆေးရုံများ၊ ဘဏ်များ၊ လုံခြုံရေးနှင့် စပ်လျဉ်းသည့် အဖွဲ့အစည်းများ စသည့်နေရာများတွင် အသုံးပြုလျက်ရှိသည်။ Germany နိုင်ငံအခြေစိုက် ကုမ္ပဏီဖြစ်သော EDIsecure® Digital Indentification Soluction AG ၏ အဆင့်မြင့်နည်းပညာများဖြင့် ထုတ်လုပ်ထားသည့် Printer အမျိုးမျိုးနှင့်ဆက်စပ်အသုံးပြုနိုင်သည့် PVC Card အမျိုးမျိုးကို D.I.S Trading Co., Ltd. က မြန်မာပြည်တွင်းသို့ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် လွန်ခဲ့သော သုံးနှစ်ခန့်ကတည်းက တင်သွင်း၍ ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

အဆိုပါ Printer များကို မြန်မာပြည်တွင်းရှိ ဘဏ်များ၊ ဆေးရုံများ၊ ကုမ္ပဏီများ၊ N.G. O အဖွဲ့အစည်းများ၊ Card Printing Service ပေးသော လုပ်ငန်းများ စသည့်နေရာများမှ ဝယ်ယူအသုံးပြုလျက်ရှိပြီး Customer များ၏ စိတ်ကျေနပ်နှစ်သက်မှုကို ပေးစေသော Printer များဖြစ်ကြောင်းသိရှိရသည်။

EDIsecure® Card Printer များနှင့် စပ်လျဉ်း၍ သိရှိလိုပါက D. I. S Trading Co., Ltd. အမှတ် (၁၈၂/၁၉၄-စီ) မြေညီထပ် နှင်းဆီကွန်ဒိုဗိုလ်တထောင်ဘုရားလမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၇၂၂၈၉၇ နှင့် ၇၃၀၅၈၅၁၄တို့သို့ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ညွှန်ကြားရေးမှူး ဦးတင်မောင်မြင့် သင်တန်းဖွင့်ပွဲ အခမ်းအနားတက်ရောက်

နေပြည်တော် ဩဂုတ် ၁၂

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင်မောင်မြင့်သည် ဩဂုတ် ၂ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းလားမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း၌ ဖွင့်လှစ်သည့် လက်သမား၊ ပန်းရန်၊သံချည်သံကွေးသင်တန်း၊ စက်ပြင်သင်တန်းနှင့် လျှပ်စစ်ဂဟေ သင်တန်း အမှတ်စဉ် (၈/၂၀၁၀) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ နယ်စပ်ဒေသမှ တိုင်းရင်းသားသင်တန်းသား ၃၀၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဒေသခံတိုင်းရင်းသား အဖွဲ့အစည်းမှ ကိုယ်စားလှယ် ၄၀ စုစုပေါင်း ၇၀ တက်ရောက်ကြပြီး ရက်သတ္တ ၁၆ ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကာသင်တန်းကာလအတွင်းသင်တန်းသားများ၏ နေထိုင်စားသောက်ရေးအတွက် ဦးစီးဌာနမှ တာဝန်ယူ စီစဉ်ဆောင်ရွက်ပေးကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများ(ကျိုင်းတုံ၊လွယ်မွေ)နှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ကျိုင်းတုံ)တို့သို့ ဩဂုတ် ၂ ရက်မှ ၅ ရက်အထိ သွားရောက်ခဲ့ပြီး ကျောင်းများ၏ အုပ်ချုပ်မှုကိစ္စရပ်များ၊ ကျောင်းသား၊ ကျောင်းသူများ၏ ပညာရည် တိုးတက်မှု၊ တစ်ကိုယ်ရေသန့်ရှင်းမှု၊ လေ့ကျင့်စီမံဆောင်ရွက်ထားရှိမှု၊ အိပ်ဆောင်ခင်းကျင်းမှု၊ စားရိပ်သာ ချက်ပြုတ်ကျွေးမွေးမှု၊ ရာသီသီးနှံစိုက်ခင်းနှင့် နှစ်ရှည်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဟတ်ထိတယ်ဇာတ်ကား ဆက်လက်ပြသ

ရန်ကုန် ဩဂုတ် ၁၂

ယခုသောကြာပတ် ဩဂုတ် ၁၃ ရက်တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများဖြစ်သည့် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံတို့တွင် ပြသဆဲ မြန်မာဇာတ်ကားသစ်ဖြစ်သည့် ဟတ်ထိတယ်ဇာတ်ကား ဆက်လက်ပြသမည်ဖြစ်သည်။

ဤဇာတ်ကားတွင် ဒါရိုက်တာညွှန့်မြန်မာညီညီအောင်နှင့် တွဲဖက်ဒါရိုက်တာဆဲဗင်းဒေးတို့က လက်စွမ်းပြရိုက်ကူးထားသည့် ဟာသဇာတ်ကားသစ်ဖြစ်ပြီး ဟာသသရုပ်ဆောင်များ စုံလင်စွာဖြင့် ရိုက်ကူးထားရာ ပရိသတ်အားပေးမှုခံယူနေရဆဲဖြစ်သည်။ ရန်အောင်၊ ရဲအောင်၊ သူထူးစံ၊ မိုးအောင်ရင်၊ မို့မို့မြင့်အောင်၊ စိုးမြတ်သူဇာ၊ အိန္ဒြာကျော်ဇင်နှင့် သင်ဇာဝင့်ကျော်တို့ ခေါင်းဆောင်ပါဝင်ကြသည်။

ဟတ်ထိတယ် မြန်မာဇာတ်ကားသစ်မှ အိန္ဒြာကျော်ဇင်၏ သရုပ်ဆောင်ဟန်။

ရဲအောင်၊ ပြေတီဦး၊ နန္ဒ၊ စိုးမြတ်သူဇာ၊ အိန္ဒြာကျော်ဇင်နှင့် သက်မွန်မြင့်တို့ ပါဝင်သည့် **နတ်ဖက်တဲ့စုံတွဲများ** ဇာတ်ကားမှာ မြို့လယ်ဝဇီရာနှင့် ဝဇီရာ-၂ လှိုင်သာယာတို့တွင် ပြသမည်ဖြစ်သည်။

ကျောက်သင်ပုန်းတွေမိုးထားတဲ့အိမ်

ရွှေတောင်ရုပ်ရှင်ထုတ်လုပ်ရေးမှ ကိုဇော်(အရုဏ်ဦး) ရိုက်ကူးပြီး ကျော်ရဲအောင်၊ ပြေတီဦး၊ ထူးခန့်ကျော်၊ စိုးမြတ်သူဇာ၊ သက်မွန်မြင့်၊ ချောရတနာနှင့် ခင်လှိုင်တို့ပါဝင်သည့် **ကျောက်သင်ပုန်းတွေမိုးထားတဲ့အိမ်** မြန်မာဇာတ်ကားသစ်မှာ မကြာမီ ရုံတင်တော့မည်ဖြစ်သည်။

နိုင်ငံခြားရုပ်ရှင်

ရွှေဆောင်ရုံတွင် အီရတ်နိုင်ငံရှိ အမေရိကန်ဒေါ်လာအတုလုပ်သည့် ဂိုဏ်းအားဖြိုခွင်းမှု၌ စီအိုင်အေ ပါဝင်စွက်ဖက်မှုအား ရိုက်ကူးထားသည့် THE ATEAM စွန့်စားမှုအသားပေး ဇာတ်ကြမ်းကားပြသမည်ဖြစ်ပြီး နေပြည်တော်ရုံတွင် ခရစ်နှစ် ၁၂ ရာစုနှောင်းပိုင်းကာလ အင်္ဂလန်နိုင်ငံ၌ ဖြစ်ပွားခဲ့သော တတိယခရူးဆိတ်စစ်ပွဲ၌ ပါဝင်တိုက်ခိုက်ခဲ့သော သူရဲကောင်း ရော်ဘင်ဟု၏အကြောင်းကို ရိုက်ကူးထားသည့် ROBIN HOOD ဇာတ်ကားပြသမည်ဖြစ်သည်။

(ကြေးမုံ)

credent technology

Geographic Information System(GIS)and Remote Sensing (RS) သင်တန်းများ ဖွင့်လှစ်မည်

ရန်ကုန် ဩဂုတ် ၁၂

Myanmar Credent Technology က Geographic Information System (GIS) ပထဝီသတင်းအချက်အလက်မြေပုံစနစ် (သို့မဟုတ်) ကွန်ပျူတာသုံး သတင်းအချက်အလက်မြေပုံစနစ်နှင့် Remote Sensing (RS) အဝေးမှ စူးစမ်းလေ့လာသော စနစ် Certificate Course သင်တန်း (၁/၂၀၁၀)ကို ဩဂုတ် ၁၇ ရက်တွင် ရန်ကုန်မြို့ လှိုင်မြို့နယ် Myanmar Info-Tech အဆောင်(၁) အခန်း(၄) ရှိ e-Learning Center ၌ ရက်သတ္တ ၁၀ ပတ်ကြာ ဖွင့်လှစ်သင်ကြားပို့ချမည်ဖြစ်သည်။ အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့တိုင်း ညနေ ၅ နာရီမှ ၆ နာရီခွဲအထိ သင်တန်းသား ၂၀ ကို သင်ကြားပို့ချမည်ဖြစ်သည်။

သင်တန်းကာလမှာ ဩဂုတ် ၁၇ ရက်မှ အောက်တိုဘာ ၂၁ ရက်အထိဖြစ်ကာ စာရွက်စာတမ်းကြေး အပါအဝင် သင်တန်းကြေး ငွေကျပ်တစ်သိန်း ပေးသွင်းရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်း၊ ကျောင်းသား၊ MCPA အသင်းဝင်များ၊ MES အသင်းဝင်များအား သင်တန်းကြေး ၁၀ ရာခိုင်နှုန်း Discount ပေးမည်ဖြစ်သည်။

သင်တန်း တက်ရောက်လိုသူများသည် Myanmar Credent Technology အဆောင်(၁) အခန်း(၇) Myanmar Info-Tech လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၅၂၂၈၅ နှင့် ၆၅၂၂၈၆ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁) ရပ်ကွက် သံလွင်လမ်းနေ ကွယ်လွန်သူ ဖခင် ဦးသာပွဲ၊ မိခင် ဒေါ်ကြင်ကြင်နှင့် မောင်ဖြစ်သူ ဦးလှမြတ်သူ (ကိုညို) တို့အား ရည်စူး၍ ကျန်ရစ်သူသားသမီးမောင်နှမမြေးတစ်စုတို့က ထာဝရဆေး ပဒေသာပင်အတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ကင်ဝိန်းဂျုံးစ်ကို ပေါင်ရှစ်သန်းဖြင့် စတုတ်ခေါ်ယူ

လန်ဒန် ဩဂုတ် ၁၂

စတုတ်စီးတီးအသင်းသည် ဆန်းဒါးလန်းအသင်းမှ ထရီနီဒက်နှင့် တိုဘာဂိုတိုက်စစ်မှူး ကင်ဝိန်းဂျုံးစ်ကို ပေါင်ရှစ်သန်းဖြင့် ခေါ်ယူနိုင်ခဲ့ပြီဖြစ်ကြောင်း အသင်းဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

အသက် (၂၅)နှစ်ရှိ ကင်ဝိန်းဂျုံးစ်သည် အရပ် ၆ ပေ ၂ လက်မရှိသည့် တိုက်စစ်မှူးကောင်းတစ်ဦးဖြစ်သည်။ "သူဟာ ငယ်ရွယ်ပြီး လျင်မြန်ဖျတ်လတ်မှုရှိသလို သူ့ကိုယ်သူလည်း ယုံကြည်မှုအပြည့်ရှိတဲ့ ကစားသမားတစ်ယောက်ပါ။ သူဟာ စတုတ်စီးတီးရဲ့ တိုက်စစ်ကို ဦးဆောင်ပြီး အသင်းကို ရလဒ်ကောင်းတွေရအောင် စွမ်းဆောင်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု ကင်ဝိန်းဂျုံးစ်အပေါ် နည်းပြက ဝေဖန်ပြောဆိုသွားသည်။

အင်တာနက်။



စတုတ်စီးတီးအသင်းသို့ ပေါင်ရှစ်သန်းဖြင့် ရောက်ရှိလာသည့် ကင်ဝိန်းဂျုံးစ်။

ပေါ်တူဂီတိုက်စစ်မှူး ဘီဘီကို ဖာဂူဆန်ခေါ်ယူ

လန်ဒန် ဩဂုတ် ၁၂

မန်ယူအသင်းနည်းပြ ဖာဂူဆန်သည် ဗစ်တိုးရီးယား ဒီဂူမာရေးစ်အသင်းမှ ပေါ်တူဂီတိုက်စစ်မှူး ဘီဘီကို ခေါ်ယူရန် ကြိုးပမ်းလျက်ရှိရာ ယခုအချိန်တွင် အလွတ်သဘောတူညီမှုရရှိခဲ့ပြီဖြစ်ပြီး ဆေးစစ်မှုခံယူနေပြီဖြစ်ကြောင်း သိရသည်။

အသက်(၂၀)ရှိ ပေါ်တူဂီလူငယ်တိုက်စစ်မှူးဘီဘီကိုခေါ်ယူရန် ပေါင် ၇ ဒသမ ၄ သန်းပေးရမည်ဟု သတင်းဌာနအချို့ကဖော်ပြသော်လည်း အသင်းဝက်ဘ်ဆိုက်ကမူ ပေါင် ၇ ဒသမ ၆ သန်းပေးရသည်ဟုဆိုသည်။ ဘီဘီမှာ ယခုရာသီတွင် ဖာဂူဆန်ခေါ်ယူသည့် တတိယမြောက်ကစားသမားဖြစ်ပြီး မန်ယူအသင်းတွင်တိုက်စစ်မှူးရှစ်ဦးအထိ ရှိလာမည်ဖြစ်သည်။ ဘီဘီ၏ နာမည်အပြည့်အစုံမှာ တီယာဂိုမင်ညူရယ်ဒီရော့စ်ကော်ရီယာ ဖြစ်သည်။

အင်တာနက်။

အိုဇေးလ်ကိုခေါ်ယူရန် ဘာစာ (Barca) သဘောတူညီမှုရရှိ

ဘာစီလိုနာ ဩဂုတ် ၁၂

စပိန်လာလီဂါမှ ဘာစီလိုနာအသင်း (Barca) သည် ဝါဒါဘရီမင်အသင်းမှ ဂျာမနီကွင်းလယ်ကစားသမား အိုဇေးလ်ကို ခေါ်ယူရန် အလွတ်သဘောတူညီမှု ရရှိခဲ့ပြီဟုဆိုသည်။ စပိန်သတင်းဌာနကမူ အိုဇေးလ်၏ပြောင်းရွှေ့ကြေးမှာ ယူရို ၁၂ သန်းနှင့် ၁၅ သန်းကြားဖြစ်ဖွယ်ရှိသည်ဟု ဖော်ပြသည်။

ဘာစာ(Barca) သို့ ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိခဲ့သည့် အိုဇေးလ်။

အသက်(၂၁)နှစ်ရှိ အိုဇေးလ်သည် ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဂျာမနီအသင်းနှင့်အတူ ထွန်းတောက်ခဲ့သည့် ခြေတက်လူငယ်ကစားသမားတစ်ဦးဖြစ်သည်။ အိုဇေးလ်မှာ ဘာစာနှင့် သဘောတူညီမှု ရရှိခဲ့ပြီဟုဆိုသော်လည်း ရီးယဲလ်မက်ဒရစ်အသင်းနှင့် ချယ်လ်ဆီးအသင်းတို့ကလည်း ၎င်းကို စိတ်ဝင်စားနေဆဲဖြစ်သည်။ ထို့ပြင် မန်ယူနည်းပြဖာဂူဆန်၏ အလိုချင်ဆုံးကစားသမားလည်း ဖြစ်သည်။ ဖာဂူဆန်က အိုဇေးလ်သာ မန်ယူအသင်းသို့ ပြောင်းရွှေ့လိုပါက ယူရို ၁၆ သန်းပေးရန် အဆင်သင့်ဖြစ်နေပြီဟုဆိုသည်။

အင်တာနက်။

ဝင်းတင်(ကြေးမုံ)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၇)ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(ထ၀/၈၀) တွင် ပါတီရုံးချုပ် တည်ရှိသော **ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၂-၈-၂၀၁၀ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ အလံပုံစံ

ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဩဂုတ် ၁၂

ယနေ့နံနက် ၉ နာရီခွဲထိ
မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ဇန်းမော်မြို့တွင် ၅ ဒသမ ၁၆လက်မ၊ ဘားအံမြို့တွင် ၃ ဒသမ ၃၁ လက်မ၊ ဘီးလင်းမြို့တွင် ၃ ဒသမ ၀၃ လက်မ၊ သထုံမြို့တွင် ၂ ဒသမ ၄၄ လက်မ၊ ဇလွန်မြို့တွင် ၂ ဒသမ ၃၆ လက်မ၊ ရန်ကုန်(မြို့လယ်)တွင် ၂ ဒသမ ၂၅ လက်မနှင့် မင်းဘူးမြို့တွင် ၁ ဒသမ ၁၄ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့် ရှိနေသည်။

ဩဂုတ် ၁၃ ရက် ညနေထိခန့်မှန်းချက်။ ။ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဂုဏ်ယူဝမ်းမြောက်ခြင်း

Max Myanmar Co., Ltd. ၏ ဧရာဝတီဘဏ် (နေပြည်တော်) အား အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ဆတက်ထမ်းပိုး တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးလှဌေး(ဥက္ကဋ္ဌ)
Htay Family General Manufacturing Co., Ltd.
Four Elephants Manufacturing Co., Ltd.
Zwe Ka Pin United Football Club

အရာထမ်းအခြေခံသင်တန်းနှင့် အရာထမ်းလောင်း အခြေခံသင်တန်းများဆင်း

ရန်ကုန် ဩဂုတ် ၁၂

အရာထမ်း အခြေခံသင်တန်း အမှတ်စဉ်(၁၈၄)နှင့် အရာထမ်းလောင်း အခြေခံသင်တန်း အမှတ်စဉ်(၃၂) သင်တန်းဆင်း အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)ရှိ စစ်ရေးပြကွင်းနှင့် အုန်းတောခန်းမတို့၌ ကျင်းပရာ ပါမောက္ခချုပ် ဦးဝင်းမောင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး ထူးချွန်ဆုရရှိကြသူများအား ဆုများချီးမြှင့်၍ သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ဆည်မြောင်းဦးစီးဌာန
ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အောက်ပါနိုင်ငံခြား မြေဖယောင်းများကို နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ(US Dollar)ဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါများကို ပေးသွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်။

ချိပ်ပိတ်တင်ဒါအမှတ်	-	FQ NO.10/FOREIGN BENTONITE/IRR/ 2010-2011
ပစ္စည်းအမျိုးအမည်	-	FOREIGN BENTONITE
အရေအတွက်	-	(500)Tons
ချိပ်ပိတ်တင်ဒါပိတ်ရက်	-	၁၈-၈-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း တစ်စောင်လျှင် ကျပ် ၃၀၀၀ိ/-နှုန်းဖြင့် ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါအတိုင်းဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဖြည့်တင်းရေးဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၃၁၆

အမှားပြင်ဆင်ချက်

၉-၈-၂၀၁၀ ရက်ကြေးမုံသတင်းစာပါ စာမျက်နှာ(၁၆)နှင့် ၉-၈-၂၀၁၀ရက် မြန်မာ့အလင်းသတင်းစာပါ စာမျက်နှာ(၁၇)၌ ဆည်မြောင်းဦးစီးဌာနမှ ချိပ်ပိတ်တင်ဒါခေါ်ယူခြင်းတွင် Survey Equipment များအစား Jumbo Drill Spare parts များအဖြစ် ပြင်ဆင်ဖတ်ရှုပါရန် အသိပေးအပ်ပါသည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅-H)၊ မြေကွက်အမှတ်(၂၃)နှင့် (၂၄)၊ တစ်ကွက်လျှင် မြေဧရိယာ (၀. ၀၁၈)+(၀. ၀၁၈)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၄၅)၊ ဗိုလ်လရောင်လမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ်ဟုခေါ်တွင်သော အဆောက်အအုံနှင့် ၎င်းအဆောက်အအုံတွင် သွယ်တန်းတပ်ဆင်အသုံးပြု အကျိုးခံစားနေသော ပစ္စည်းအဝဝတို့၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်၊ သုံးစွဲခွင့်အဝဝကို လက်ရှိအမည်ပေါက်ပိုင်ဆိုင် အကျိုးခံစားနေသည့် အမည်ပေါက်ပိုင်ရှင် ဦးအောင်ဝင်း [၁၂/ဗတထ(နိုင်)၀၂၅၉၁၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်သဘောတူပြီးဖြစ်၍ စရန်ငွေပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်နေ့ရက်မှ(၇)ရက်အတွင်း တရားဝင်ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများပြသ၍ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် (၇)ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ရောင်းချခြင်းကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်ကြမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးတင်ယု
တရားရုံးချုပ်ရှေ့နေ(စဉ်-၁၆၉၈)
အမှတ်(၂၉)၊ (၃-လွှာ)၊ ၃၅-လမ်း၊ အောက်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၅၃၂၆၅

အများသိစေရန်သတိပေးကြေညာချက်

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၄)၊ အကွက်အမှတ်-၁၁/၈၊ ဗျူဟာလမ်းအရှေ့၊ ဦးပိုင်-၃၇၊ မြေဧရိယာ ၀. ၁၂၅ဧက၊ အမှတ်-၁၀၊ နောင်ခမ်းလမ်းဟုခေါ်တွင်သော မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်စဝ်တင်ဖုန်း၊ ဒေါ်စဝ်တင်သီတာထွေး၊ ဒေါ်စဝ်တင်သူဇာနွယ်တို့ သုံးဦးမှ နှစ် ၉၀ဂရန်နှင့် မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်ကြသူများ ဖြစ်ကြပါသည်။

ဒေါ်စဝ်တင်ဖုန်းမှာ ၁၂-၁-၂၀၀၈ ရက်တွင် ကွယ်လွန်ခဲ့ပြီး ယခုလက်ရှိ ဒေါ်စဝ်တင်သီတာထွေး[၁၃/လရန(နိုင်) ၀၁၁၀၃၂]နှင့် ဒေါ်စဝ်တင်သူဇာနွယ်[၁၃/လရန(နိုင်)၀၁၁၀၃၃]တို့သာ ပိုင်ဆိုင်ကြပါသည်။ အထက်ပါ မြေအိမ်နှင့် ဆက်နွယ်နေသော ရွှေ့ပြောင်းနိုင်သည့်၊ မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများအားလုံးကို ပူးတွဲဆက်ခံပိုင်ဆိုင်သူ နှစ်ဦးမှလွဲ၍ မည်သူမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်း မပြုရန်နှင့် ဥပဒေနှင့်မညီသော ပြုလုပ်မှုများကို တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ညွှန်ကြားချက်အရ-
ဦးစိုင်းအောင်ခင်
(စဉ်-၃၈၂၆)
တရားရုံးချုပ်ရှေ့နေ
အမှတ်-၅၅၊ မြေညီထပ်(အဓိပတိရုံးခန်း)၊
မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
ရန်ကုန်ကွန်ပျူတာတက္ကသိုလ်
Advanced ICT Engineer Training (၂၄)ပတ်သင်တန်းအပတ်စဉ်(၅)နှင့် Wireless and Mobile Computing (WiMC) (၁၆)ပတ်သင်တန်း
အပတ်စဉ်(၂)အတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(လှိုင်)တွင် အိန္ဒိယ-မြန်မာပူးပေါင်းဆောင်ရွက်လျက်ရှိသော India-Myanmar Center for Enhancement of Information Technology Skills (IMCEITS) သင်တန်းဌာနတွင် Advanced ICT Engineer Training သင်တန်းများနှင့် Wireless and Mobile Computing (WiMC) သင်တန်းတို့ကို ဖွင့်လှစ်လျက်ရှိပါသည်။

၂။ Advanced ICT Engineer Training (၂၄)ပတ်သင်တန်းများတွင် Java Programming Course နှင့် MS.Net Programming Course ဟူ၍ နှစ်မျိုးခွဲခြားသင်ကြားမည်ဖြစ်ရာ ကြိုက်နှစ်သက်ရာ သင်တန်းအား လျှောက်ထားနိုင်ပါသည်။ အဆိုပါ သင်တန်းများတွင် Software Program များအား မိမိကိုယ်တိုင် တာဝန်ယူ၍ ရေးသားနိုင်ရန် သင်ကြားမည်ဖြစ်ပါသည်။

၃။ Wireless and Mobile Computing (WiMC) (၁၆)ပတ်သင်တန်းတွင် Mobile Phones များပေါ်တွင် အသုံးပြုသည့် ကွန်ပျူတာပရိုဂရမ်များ ရေးသားနိုင်သော Java Micro Edition (J2ME)၊ WinCE.Net Programming ဘာသာရပ်များနှင့် Mobile and Wireless Technology နည်းပညာဆိုင်ရာဘာသာရပ်များအား စာတွေ့၊ လက်တွေ့ ပေါင်းစပ်သင်ကြားပို့ချပေးမည်ဖြစ်ပါသည်။ WiMC သင်တန်းအား အိန္ဒိယ-မြန်မာသင်တန်းဌာန (IMCEITS) နှင့် ဂျပန်-မြန်မာ သင်တန်းဌာန (ICTTI) တို့မှ Software Development (Java Programming) သင်တန်းတက်ရောက်အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ပါသည်။

၄။ သင်တန်းများပြီးဆုံးပါက အိန္ဒိယနိုင်ငံ C-DAC (Center for Development of Advanced Computing) Training School နှင့် မြန်မာနိုင်ငံသိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တို့မှ ပူးပေါင်း၍ပေးအပ်မည့် လက်တွေ့လုပ်ငန်းခွင်တွင် အသုံးချနိုင်သည့် ဘွဲ့လွန်ဒီပလိုမာ အောင်လက်မှတ်များ ပေးအပ်မည်ဖြစ်ပါသည်။

၅။ သင်တန်းများအားလျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များ ပြည့်စုံသူဖြစ်ရမည်။
(က) B.C.Sc./ B.C.Tech./ B.Tech.(IT)/ B.E.(IT)/ M.I.Sc./ M.A.Sc/ M.C.Sc./ M.C.Tech./ M.E.(IT) ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
(ခ) မိမိနှင့်တကွ မိဘနှစ်ပါးလုံးပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ဂ) သတ်မှတ်ထားသော ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲများအား အောင်မြင်စွာဖြေဆိုနိုင်သူဖြစ်ရမည်။
(ဃ) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၌ တာဝန်ထမ်းဆောင်နေသူဖြစ်ပါက ဝန်ကြီးဌာနမှသတ်မှတ်ပေးထားသော ကတိခံဝန်ချက်များအား လက်မှတ်ရေးထိုးနိုင်သူ ဖြစ်ရမည်။
(င) အခြားဝန်ကြီးဌာနများမှ ဝန်ထမ်းဖြစ်ပါက လျှောက်ထားလိုသူများသည် မိမိတို့သက်ဆိုင်ရာဌာနအကြီးအကဲ၏ သင်တန်းတက်ရောက်ခွင့်ပြုကြောင်း ခွင့်ပြုအမိန့်စာ ပါရှိရမည်။
(စ) သက်ဆိုင်ရာ ရပ်ကွက်/ရဲစခန်းမှ (၃)လထက် မကျော်လွန်သည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာများအား သင်တန်းလျှောက်လွှာနှင့်အတူ ပူးတွဲလျှောက်ထားရမည်။

၆။ သင်တန်းလျှောက်ထားသူများသည် အောက်ပါအတိုင်း Online ဝင်ခွင့်စာမေးပွဲများဖြေဆိုကြရမည်။

နေ့ရက်	စာမေးပွဲ	အချိန်	နေရာ
၂၁-၉-၂၀၁၀	Online ဝင်ခွင့်စာမေးပွဲ	နံနက်(၉း၀၀)နာရီ မှစတင်၍	IMCEITS သင်တန်းဌာန ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(လှိုင်)

၇။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(လှိုင်) IMCEITS သင်တန်းဌာနနှင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(လှော်ကား) ကျောင်းသားရေးရာဌာနတို့တွင် ၁၅-၉-၂၀၁၀ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

၈။ အခြားသိရှိလိုသည်များရှိပါက ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(လှိုင်)၊ IMCEITS သင်တန်းဌာန၊ ဖုန်း-၀၁-၆၆၂၃၂၉၊ ၀၁-၆၅၂၅၂၉ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်သည်။

အများသိစေရန်ကြေညာခြင်း

တောင်တွင်းကြီးမြို့၊ မောင်းတိုင်ရပ်ကွက်၊ အကွက်အမှတ်-၆၊ မြေအမျိုးအစား(အိပ်ချ်)၊ ဦးပိုင်အမှတ်(၇၅)၊ ဧရိယာ(၀. ၀၇၂)ဧကရှိ မြေကွက်နှင့်ပတ်သက်၍ အမည်ပေါက်ပိုင်ရှင် ဦးချစ်အုံ(ကွယ်လွန်) ၏သားဖြစ်သူ ဦးအောင်ကွန့် [၁၂/ဗဟန(နိုင်)၀၂၅၉၂၀]မှ ဦးအောင်ကျော်ငြိမ်း[၈/တတက(နိုင်)၀၃၇၃၆၄]အား တောင်တွင်းကြီးမြို့၊ မြို့နယ် စာချုပ်မှတ်ပုံတင်ဦးစီးဌာနတွင် ၁-၇-၂၀၀၉ ရက်က လွှဲအပ်ခဲ့သောမှတ်ပုံတင်အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၃၇/၀၉ အား ၅-၈-၂၀၁၀ ရက်က ပြန်လည်ရုပ်သိမ်းပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးရဲဝင်းလှိုင်(အထက်တန်းရှေ့နေ)
(စဉ်-၂၂၉၄၂)
အမှတ်-၁၀၅(ပထမထပ်)၊ ဆိပ်ကမ်းသာလမ်း၊ (၇)ရပ်ကွက်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ရေဖြူ၌ကျင်းပ

ရေဖြူ ဩဂုတ် ၁၁

ဇူလိုင် ၂၂ရက်က သစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ရေဖြူမြို့ (ခ)ရပ်ကွက် ပြည်လုံးချမ်းသာ စေတီတော်ကုန်းမြေပေါ်၌ သစ်ပင်မျိုးစုံ ၁၆၀၀ ကို စိုက်ပျိုးကြသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးအောင်နှင့်အဖွဲ့ဝင်များ၊မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဇင်ဝင်းနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများ စုစုပေါင်း အင်အား ၂၀၀ ကျော်ခန့် စုပေါင်း၍ စိုက်ပျိုးခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

မသန်စွမ်းသူများအတွက် ဖွဲ့စည်းတည်ထောင်ထားသော ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)သို့ ဂျပန်နိုင်ငံ School of Rehabilitation Sciences at Fukuoka မှ Professor NARA Nobu Hiro က အလှူငွေကျပ်ငါးသိန်းကို လမ်းမတော်မြို့နယ် မြန်မာ့အလှတာဝါ(၂)ရှိ ဖောင်ဒေးရှင်းရုံးခန်းသို့ လာရောက်လှူဒါန်းရာ ရွှေမင်းသားဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမြတ်သူဝင်း လက်ခံစဉ်။ (ကြေးမုံ)

ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ကျေးလက်လမ်းဖြစ်သည့် မှိုင်းတုံ-ဘိုတဲလေးလမ်း ဂဝံဖြင့်ပြုပြင်ခြင်းလုပ်ငန်းကို ဩဂုတ် ၃ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူးနှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ခိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထက်အောင်ခန့်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မိုးရာသီ သွေးလွန်တုပ်ကွေး ရောဂါကြိုတင် ကာကွယ်ရေးအတွက် ဈေးများ၊ ကျောင်းများအား ခြင်ဆေးဖျန်းပေးလျက်ရှိရာ ဘားအံမြို့ အမက(၆) မူလွန်ကျောင်းအား ခြင်ဆေးဖျန်းခြင်းကို ဒု-ဦးစီးမှူး(ဈေး) ဦးဝေလင်း အနီးကပ်ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဩဂုတ် ၁၁

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း၏ စတုတ္ထအကြိမ်မြောက် စုပေါင်းအလှူပွဲကို ဩဂုတ် ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ၁၂နာရီအထိ အသင်းတည်ရှိရာ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ၌ ကျင်းပမည်ဖြစ်၍ ဗဟိုအလုပ်အမှုဆောင်နှင့် အမှုဆောင်များ၊ တက္ကသိုလ်အသီးသီးရှိ ဘူမိဗေဒဌာနများမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊အသင်းဝင်မိသားစုများ မပျက်မကွက် တက်ရောက်ကြရန်နှင့် ဦးလှကြည် ဖုန်း-၅၈၀၁၁၅၊ ဦးကြိုင်စိန် ဖုန်း-၀၉-၂၀၄၂၀၅၄၊ ဦးရီစိန် ဖုန်း-၃၈၇၂၀၅၊ ဦးရဲမြတ်စိုး ဖုန်း-၀၉-၅၀၁၈၆၂၅၊ ဒေါက်တာ ဒေါ်တင်ဌေးမူ ဖုန်း-၀၉-၅၁၅၃၄၄၁၊ ဦးတင်ကျော်သန်း ဖုန်း-၀၉-၅၀၀၂၅၈၁၊ ဦးအေးလွင် ဖုန်း-၀၉-၅၀၀၆၂၅၈နှင့် ဦးစိုးသူရထွန်း ဖုန်း-၀၉-၅၁၄၄၀၀၅တို့သို့ အလှူငွေများ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ကြေးမုံ The Mirror

မြို့နယ် သတင်းများ

ကျိုက်ထို၌ ခြင်ဆေးဖျန်း

ကျိုက်ထို ဩဂုတ် ၁၁

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးအတွက် ရပ်ကွက်များ၊ စာသင်ကျောင်းများတွင် အဖွဲ့ဝန်ထမ်းများဖြင့် ခြင်ဆေးဖျန်းဆောင်ရွက်မှုကို အငယ်တန်း အင်ဂျင်နီယာ(၂) ဦးမျိုးသူက ကြီးကြပ်ဆောင်ရွက်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

အင် တာ နက် သ ဘာ ဝ ပတ် ဝန်း ကျင် ထိန်း သိမ်း ရေး သ တင်း

ဘာသာပြန် - ရောမောင်

စပိန်ပင်လယ်ကမ်းခြေဒေသများ၌ ပင်လယ်ခူများ အုပ်စုဖွဲ့ ကာကျရောက်

မဒရစ် ဩဂုတ် ၁၂

စပိန်နိုင်ငံ ပင်လယ်ကမ်းရိုးတန်းဒေသများ၌ ပင်လယ်ခူများ အုပ်စုဖွဲ့ကာ ကျရောက်လျက်ရှိကြောင်း၊ ဩဂုတ် ၈ ရက်မှစ၍ စပိန်နိုင်ငံ ပင်လယ်ကမ်းခြေနေရာများတွင် ပင်လယ်ခူ၏ ရန်မူတိုက်ခိုက်ခံရသူ လူပေါင်း ၇၀၀ ကျော်ရှိကြောင်း ဩဂုတ် ၁၂ ရက် သတင်းများတွင် ဖော်ပြသည်။

ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာခြင်းနှင့် ငါးအလွန်အကျွံ ဖမ်းဆီးမှုတို့၏ အကျိုးဆက်အဖြစ် ပင်လယ်ခူများ ပေါက်ပွားမှု အားကောင်းလာကြောင်း၊ ပင်လယ်ကမ်းခြေတွင် လူတို့ကိုပင်လယ်ခူတို့ ရန်မူသည့်ဖြစ်ရပ်များ တိုးပွားဖြစ်ပေါ်လာမည်ဟု ယူဆရကြောင်း အဏ္ဏဝါသိပ္ပံပညာရှင်များက ပြောကြားကြသည်။

ကျဆင်းမှုဖြစ်ပေါ်

ပင်လယ်ခူကို ဘာသာဘာဝ ဖမ်းယူစားသောက်သည့် ရေသတ္တဝါများမှာ တူနာငါးများနှင့် ငါးမန်းငါးများ ဖြစ်ကြသည်။ စီးပွားဖြစ်ငါးဖမ်းဆီးသူများသည် အလွန်အကျွံ ငါးဖမ်းဆီးမှုကြောင့် ပင်လယ်ခူကို ဖမ်းယူစားသောက်သော ရေသတ္တဝါများ ကောင်ရေကျဆင်းမှု ဖြစ်ပေါ်လာသည်။

တွေ့ကြုံကြရ

စပိန်ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းများ၌ အပန်းဖြေနားနေသူများသည် မကြာသေးမီရက်များအတွင်း ပင်လယ်ခူများ၏ ထိုးဆိတ်မှုများကို ထူးထူးခြားခြား တွေ့ကြုံကြရသည်။

စပိန်နိုင်ငံ ပင်လယ်ကမ်းခြေသို့ ရောက်ရှိလာသော ပင်လယ်ခူတစ်ကောင်ကို တွေ့ရစဉ်။

(ဓာတ်ပုံ - အင်တာနက်)

စပိန်နိုင်ငံအရှေ့ပိုင်း အယ်လ်ချီမြို့အနီး ကော်စတာဘလန်ကာ ပင်လယ်ကမ်းခြေဒေသတွင် ပင်လယ်ခူများ စုဝေးရောက်ရှိနေပြီး ရေကူးကာ အပန်းဖြေသူများကို ဘေးဒုက္ခပေးနေကြောင်း ဩဂုတ် ၁၀ ရက် တစ်ရက်တည်းမှာပင် ရေကူးနေသူ ၃၈၀ အထိ ပင်လယ်ခူထိုးဆိတ်မှုကိုခံရကြောင်း၊ ပုံမှန်အားဖြင့် တစ်ရက်လျှင် ရေကူးသမား လေးငါးဦးခန့်သာ ပင်လယ်ခူအန္တရာယ်နှင့် တွေ့ရလေ့ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ***အင်တာနက်။***

အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များစာရင်း အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၈၆/၂၀၁၀) ဖြင့် သတ်မှတ်ကြေညာသည့် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များစာရင်း အချပ်ပို (၇)မျက်နှာ ပါရှိပါသည်။

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၁၂ - ၈ - ၂၀၁၀)

ဗန်းမော်	၅	ဒသမ	၁၆	လက်မ
ဘားအံ	၃	ဒသမ	၃၁	လက်မ
ဘီးလင်း	၃	ဒသမ	၀၃	လက်မ
သထုံ	၂	ဒသမ	၄၄	လက်မ
ဇလွန်	၂	ဒသမ	၃၆	လက်မ
ရန်ကုန်(မြို့လယ်)	၂	ဒသမ	၂၅	လက်မ
မင်းဘူး	၁	ဒသမ	၁၄	လက်မ